မြတ်သင်း

# မြတ်သင်းနှစ်ယောက်

နှင့်

အခြားဝတ္ထုတိုများ



# သေတ္တာထဲ ကြိုးရှုပ်ရှုပ်

## (၁)

နေဝင်ပြီမို့ အနောက်ခရိုးမှာ ဘုတ်အီသံတွေ ညံ့နေကြပြီ။ လက်ပံပင်မြင့်မြင့် ကြီးပေါ်မှ သိမ်းငှက်မောင်နှံ ပင် အိပ်တန်းဝင်နေကြပြီ။ “သိမ်း” ဆိုတဲ့ အတိတ် တိရစ္ဆာန်ငှက်ကမှ မိုးချုပ်ရင် မယားရှိရာ အသိုက်ကို ပြန်လာရမှန်း သိသေးတယ်။ ကိုရင်ကလဲနော် ခုထိတောင် ပေါ်မလာသေးဘူး။

အချိန်တန်လို့မှ ပြန်မလာရင် အိမ်က မယားတယောက် လည်ပင်းညောင်ရေအိုး ဖြစ်အောင် မျှော်နေမိလိမ့်မယ် ဆိုတာများသင်း - မသိရော့ သလား။ အေးလေ . . .သိချင်မှတော့ သိမပေ့ါ။ သူလူပျိုဘဝက “ကျွတ်ပြီ - လွတ်ပြီ”လို့ အော်နိုင်ခဲ့တဲ့ အချိန်က တမွန်းထည့် ရှိသေးတာကိုး။ တနေ့တော်မှ မကူးသေးဘူးကိုး။ ဘာဘဲဖြစ်ဖြစ် ဒီအချိန်မှာတော့ ပြန်လာဖို့ ကောင်းပါပြီ။ ကိုရင်ကလဲနော် . . .ခုထိတောင် ပေါ်မလာသေးဘူး။

ဒီကနေရတာ က ရွာစွန် ရွာဖျားမှာ၊ ပြီးတော့ မအေတခု၊ မိန်းမသား တွေ ချည်းထဲရယ်။ ခါတိုင်းနေရဲပေမယ့် အခုလို လင်ရယ် သားရယ် ဖြစ်လာမှတော့ မိုးချုပ်ပလားဆိုရင် ကိုယ့်လင်ကို ကိုယ်အိမ်မှာ ရှိနေစေချင်တာဘဲ။ အားကိုးချင်တာဘဲ။ ဟုတ်တယ်လေ . . . မပူချင်လို့ ယောက်မရှာတာဘဲ တော်ရဲ့။ အပူခံနိုင်မှတော့ ထမင်းအိုးကို ကိုယ့်လက်နဲ့ ကိုယ်ဘဲ မွှေလိုက်တော့မှတော့ ပေ့ါ။ ခုတော့ အားမကိုးရတဲ့ အပြင် သူ့အတွက်တောင် ပူနေလိုက်ရသေး။ ဒ့ါကြောင့်မို့ ကျုပ်တို့ကောက်စိုက် ဘောက်က အပျိုကြီး ဒေါ်အုန်းသင်က ခဏခဏ ပြောတာဘဲ။

“ကောင်မရေ . . .ငါတော့ လင်ဆိုရင် အိမ်နောက် ဖေးမှာ စပါးလင်

ပင်တောင် မစိုက်ချင်ဘူးအေရဲ့”တဲ့။

သူပြောတာလဲ ဟုတ်ထုတ်ထုတ်၊ ခုကြည့်လေ . . .လင်ရလို့ တရက်မကူးသေးဘူး။ လင့်ဒုက္ခ ခံစားရပြီ။ အနောက်ကွင်းက ကုန်းအတက်မှာ များ လူရှိမြင်လေသလား . . .ကိုရင် ပြန်လာလေ ပလားလို့ ခြေဖျားထောက်ထောက်ပြီး မျှော်ကြည့်နေရတယ်။ မျှော်ရ လွန်းအားကြီး တော့လဲ ဒေါသဖြစ် လာတယ်။ ရင်ထဲမှာလဲ ကော့ရှာ ဗျောတီးနေသလို တဒိန်းဒိန်းထပြုန်းပြုန်းနဲ့။ ငါ့နှယ်နော် စိတ်မရှည်လိုက်တာ။ ပင်ပင်ပန်းပန်း မလုပ်ရပေမယ့် ထနေကုန် ကောက်စိုက် ထားရသလို မောနေတယ်။ ငါ့နှယ်နော် . . .စိတ်မရှည်လိုက်တာ . . ။

ကိုရင့်ကို စိတ်ပေါက်တိုင်း မှီရပ်နေတဲ့ မန်ကျည်း ပင်ကြီးက မန်ကျည်းရွက်တွေကို အငြိုးနဲ့ သပ်,သပ် ချနေမိတယ်။ သွားလေရော့ဟဲ့ . . .သွားလေရော့ဟဲ့ . . .လို့ ဆိုဆိုပြီး . . .။

ဘေးအိမ်က သန်းမေတို့ ခင်စောတို့သာ မြင်ရင်ကျုပ်ကို သူ့လင်ကြီးကို မျှော်ရင်း အပူဆိုက်နေပြီ”လို့ပြောပြောပြီး မရယ်ကြပေဘူးလား။ ရှင်သန်းမေက အရယ်သန်ပါဘိ။ အသရော်ကလဲ သန်ပါဘိသနဲ့။

နေ့လယ် မင်္ဂလာ ဆောင်တုန်းက ဆိုရင် မဏ္ဍပ်အောက်မှာ သူတို့ပြောင်ကြတဲ့ အသံ . . .လှောင်ကြတဲ့ အသံတွေ ကျွတ်ကျွတ်ကို ညံနေတာဘဲ။

အင်း . . .ကိုရင် ကလဲနော်-ခုထိတောင် မပေါ်လာသေးဘူး။

အနောက်ခရိုးက ဘုတ်အီသံတွေ၊ ခါပြောက်တွန် သံတွေကတော့ ဆူလို့ . . .ညံလို့ . . .။

* *

# (၂)

နေ့လယ်တုန်းက ကိုယ့် မင်္ဂလာဆောင်လေး အကြောင်း ကိုယ်ပြန်တွေး ကြည့်ရင်တော့ ပျော်စရာ အကောင်းသား။ ရှက်စရာလဲ အကောင်းသား။ မျက်နှာလဲ အပူသား။ ခူးယားတွေ စူးသလို တကိုယ်လုံးမှာ လဲ ရှိန်းကနဲ ဖိန်းကနဲ အဖြစ်သား။

နေပါအုန်းလေ . . .မင်္ဂလာဆောင် အကြောင်း မပြောခင် ကျုပ်နဲ့ ကိုရင်နဲ့ ဘယ်လိုက ဘယ်လို ကြိုက်လာကြတယ် ဆိုတာ အရင်ပြောအုံးမှာ ဖြစ်မယ်။ ရေတွင်းတူးပြီးမှ ရေကြည် သောက်ရတယ်မဟုတ်လား။ ကောက်စိုက်ပြီးမျ စပါးရိတ်ရတယ် မဟုတ်လား။ ကြိုက်ကြပုံကို မပြောသေးဘဲနဲ့ ညားတဲ့အကြောင်းကို အရင်ပြောလို့ ဘယ်ဖြစ်ပ့ါမလဲ တော်ရဲ့။

အစတုန်းကများ ဒီလူကြီးကို ကြိုက်ရကောင်းမှန်း မသိပေါင်။ အမြင်တောင်ကပ်သေးတယ်။ လူကြီးကိုက ကျွဲပေါက်ကြီးလို မဲမဲသဲသဲ ထောင်ထောင် မောင်းမောင်း ကြီးမို့ ကြောတောင်မှ ကြောက်သေးတယ်။ ကျုပ်က အပျိုဖြစ်စေ . . . .အုပ်လုံးသိမ်းစ . . . ဒေါ်အုန်းသင်တို့ ဘောက်မှာ လက်သင်အဖြစ်နဲ့ လိုက်ပြီး ကောက်စိုက် ခါစ . . . သည်တုန်းကထဲက သူက ကျုပ်ကို မီးထွက်တော့ မတတ် မျက်လုံးကြီး တွေနဲ့ စူးစူးဝါးဝါး စိုက်စိုက်ပြီး ကြည့်နေ တတ်တယ်။ သူ့မျက်လုံးကြီးတွေက သိပ်ကြောက်စရာ ကောင်းတာဘဲ၊ သိပ်လဲ မုန်းစရာ ကောင်းတယ်။ ကျုပ်ဖြင့် လေ . . .သူ့ရှေ့ ရောက်ရင် စိတ်ကို မလုံဘူး၊ ပင်နီအကျႌက ကြယ်သီးတလုံးလုံးဘဲ ပြုတ်နေသလိုလို . . . .လုံချည်ကဘဲ ရိနေသလိုလို . . . လုံချည်က အဖာ ကိုများ နောက်တည့်တည့် ရောက်အောင် ဝတ်ထား မိလေသလားဟဲ့၊ ဘာလားဟဲ့၊ ညာလားဟဲ့နဲ့ ကိုယ့်ကိုယ်ကို အထပ်ထပ် ပြန်ပြန် စစ်ရတယ်၊ သူကြည့်ပုံကိုက အပျိုလေး တစ်ယောက် ရဲ့ စိတ်ထဲမှာ မလုံစရာမျိုး၊ ရင်ခုန်စရာမျိုး၊ သိပ်မုန်းစရာကောင်းတာဘဲ။

အရင်ဆုံး ရိပ်မိတာကတော့ ပေါခင် . . . .။

ပေါခင်က တနေ့မယ် ဇီးပူအင်းလယ်ထဲ မှာ စိုက်ကြရင်း ပြောတယ်။

“ဟော့ . . . .ဟော့ ရှင်မရီ . . .ညည်းကို ကိုရင် သာညွန့်ကြီးက ကြိုက်နေတယ် ထင်တယ်တော့်၊ သူ့မျက်လုံးကြည့် ပုံကြီးက မရိုးဘူး . . . တဲ့”

ဒီလိုအပြောခံရတုန်းကများ ရှက်လိုက်တာလေ။ အပျိုကလဲ ဖြစ်ခါစတုန်းကလဲ ဖြစ်ခါစကိုး။ လူမို့သာ . . .လိပ်သာ ဆိုရင် တော့ ခေါင်းကို ထွက်ရဲမှာ မဟုတ်ဘူး။

ပေါခင်နော် . . .ပေါခင် ... တော်တော် ထစမ်း၊ ငါ့ကိုကြိုက်တာ မဟုတ်ဘူး၊ နင့်ကိုကြိုက်တာ . . .သူ့ဟာ သူကြည့်ရုံမကလို့ မျက်စိဘဲ ကျွတ်ကျကျ . . .ငါနဲ့ဘာဆိုင်တုံး . . . .ဒီလူကြီးက ငါ့ထက်အသက်ကြီးတယ်တဲ့ သိရဲ့လား . . . သေနာကောင်မရဲ့ . . .”လို့ ရှက်ရှက်နဲ့ ပေါခင်ကို ပေါက်ပစ်လိုက်တယ်။ ရွှံ့ပုပ်တွေနဲ့ လဲပက်ပစ်လိုက်တယ်။

ပေါခင်ကတော့ ရယ်ကျဲကျဲနဲ့ ဩော် . . .ယောကျာ်းများ တယ်ခတ်ပါလား တော်ရယ်။ သူတို့ ကြိုက်ပြန်တော့လဲ ကျုပ်လက်ကလေးတွေက ရွာဦးကန်ထဲက ကြာဖူးလေးတွေလို လှပြန်သတဲ့။ အဖေလဲမရှိ၊ မအေ မုဆိုးမကြီးနဲ့ နေရတဲ့အတွက် မျက်နှာမရှိရှာလို့ သာဘဲတဲ့။ အနို့မို့ တော့ကျုပ်တာ ကွမ်းတောင် ကိုင်ရမှာ အမှန်ဘဲတဲ့။ ကိုရင်သာညွန့် ပြောပုံတွေ၊ ပြောခဲ့ပုံတွေ . . .။

ကျုပ်အသားကလဲ ညိုပေမယ့် စိုပြန်သတဲ့။ ကောက်စိုက် သီးချင်းဆိုရာမှာလဲ ကျုပ်အသံက သူများ အသံထက် ပိုပြီး စည်ပြန်သတဲ့။ ပြီးတော့ ပင်တင်း ဆေးရိုးနဲ့ မူးသာက ဆေးရွက်ကြီးကို လိပ်ကြတာချင်း အတူတူ၊ ကျုပ်လိပ်တဲ့ ဆေးလိပ်က ပိုပြီး ဆေးစပ်ထည့်ပြန်သတဲ့။ လက်သင်စမို့ မစိုက်တတ် စိုက်တတ်နဲ့ ဟိုတပင် ဒီတပင် လျှောက်ထိုးထား တာကိုဘဲ ကျုပ်ကောက်ကွက်က ပိုပြီး စိပ်သတဲ့။ ပိုပြီး လှပြန်သတဲ့။

ခက်ဘဲခက်ရချည်ရဲ့ ။ ယောကျာ်းပီပီ လျှားအရိုးမရှိတိုင်း

လျှောက်ပြောနေတော့ တာဘဲ၊ အောင်သွယ် ကတော့ တောင်ရပ်ထဲက အရီးဆင့်လေ . . . အရီးဆင့် က ကိုရင် ပြောသမျှတွေကို အကုန် ပြန်ပြန်ပြောတတ်တယ်။ ကိုရင့် ကောင်းကြောင်းများ ပြောရမယ် ဆိုရင်လေ . . . အရီးဆင့်တို့က မမောတမ်းဘဲ ။

ရှေ့ကလဘက်အုပ်ကိုတောင် နှိုက်ရမှန်းမသိဘူး။

အရီးဆင့်ကတော့နော် . . . .ကိုရင့် အကြောင်းသာ ပြောရမယ် ဆိုရင် နောက်က ကျားဝင် ဆွဲတာတောင် သိမှာမဟုတ်ဘူး”လို့ ပြောရသေးတယ်။ အရီးဆင့် ပြောတာတွေကတော့ စုံတကာကိုစေ့ လို့ . . .။

ကိုရင်သာ ညွှန့် ရှစ်နှစ်သားမှာ သူ့မိဘတွေက သားလေးကို ရွာဦးကျောင်းဆရာတော် ဦးဇောတိက ဆီအပ်ပြီး မြစ်ရိုးကို မြေပဲဆွတ်သွားကြတဲ့ အကြောင်း များ ပြောရင်းအရီးဆင့်က မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့။

မြစ်ရိုးမှာ တစ်ဖက်ကမ်းကို သွားသွားပြီး မြေပဲ ဆွတ်ကြရင်းနဲ့ လှေမှောက်ပြီး ကိုရင့် မိဘနှစ်ပါးဆုံး ကြတဲ့ အကြောင်းများ ပြောရင် အရီးဆင့်က နှစ်ကလေး တရှုံ့ရှုံ့နဲ့။ မျက်တောင် ကလေး ပုတ်ပုတ်နဲ့။ ဖျင်တဘက် အနားကလေး ကိုင်ပြီး မျက်ရည်စတွေ ကို ကသုတ်သုတ်နဲ့ . . .။

အင်းလေ . . .. ကိုရင့်ဘဝကလဲ သနားစရာတော့ အကောင်းသား။ ငယ်ငယ်လေး ကတည်းက အဖေခေါ်စရာ မရှိ။ အမေခေါ်စရာ မရှိ။ ဆွေရယ်၊ မျိုးရယ်လဲ မရှိ။ တကောင်ကြွက်။ သူနဲ့ စာရင်ကျုပ်ကမှ တော်သေးတယ်။ အဖေ ဆုံးပါးသွားပေမယ့် အမေကျန်ရစ်သေးလို့၊ ကိုယ်ရင့် မိဘတွေ ဆုံးသွားတော့ . . .ရွာဦးဆရာတော်က ကျောင်းဒါယကာ ဦးအောင်မြ တို့ဆီ အပ်ပေးတယ်လေ။ ကိုရင် ကံကောင်းတာပေ့ါတော်။ ဦးအောင်မြ တို့ဆိုတာက လယ်တွေ လက်ညှိုးထိုးမလွဲ ပိုင်တာမဟုတ်လား။ ကြေးရေတတ်တွေ မဟုတ်လား၊ ကျုပ်တို့ ကောက်စိုက် ဘောက်ဆိုရင် တစ်နှစ်တနှစ် ဦးအောင်မြလယ် စိုက်ရတာ ဘဲ များတယ်။ ပြီးတော့ လယ်ချောကြီး တွေချည်းထဲရယ်၊ တခါတခါများ လယ်ကြီးတွေ ကျယ်လွန်းလို့

စိုက်ရတာ မောမောနဲ့ စိတ်မရှည်ရင် သီးချင်းတောင်မှ ဆိုမိကြသေးတယ် . . .။

“စိုက်လေ ကျယ်လေ လယ်တွေပေါ . . . .လူရိုးအောင်မြတော . . . ”လို့။

သူရင်းငှားချင်း အတူတူ ပေမယ့် လယ်ရော ငွေရောပေါတဲ့ ဦးအောင်မြတို့ အိမ်မျိုးမှာ သူရင်းငှား လုပ်တော့ ကိုရင့်အဖို့ ပိုပြီး ကံကောင်းတာပေ့ါတော်။ ဦးအောင်မြ ငွေပေါပုံကတော့လဲ ကျုပ်တို့အားလုံး သူ့ဆီကဘဲ ဆီပေး ဆန်ပေး စပါးပေး ယူနေကြရတာ . . .။“သာညွန့်တယောက် တော့ အမှီကောင်းတွေ့ သွားပြီဟေ့” လို့ တရွာလုံး ချီးမွမ်းခဲ့ကြရသတဲ့။

တို့ကို ပြောရရင် တော့တော် . . . တဦးမေတ္တာ တဦးမှာ ဆိုသလိုဘဲ ကျုပ်ကလဲ တဖြည်းဖြည်း နဲ့ ကိုရင့်ကို သနားလာတယ်။ ကောက်စိုက်ရမယ့် လယ်က ကိုရင်တို့ ပျိုးနုတ်တဲ့ ပျိုးခင်း နဲ့ နီးတယ်ဆိုရင် စိတ်ထဲက ပျော်သလိုလိုဘဲ၊ လယ်ရှင်က ဝေပေးတဲ့ ထက်မီးအောက်မီး မုံ့ဆိုရင်လဲ ကျုပ်မစားဘဲ ကိုရင့်ဖို့ တမင် ချန်ထားမိတယ်။ လဖက်ဝေပြန်ရင်လည်း ဖက်သန်းရွက် လေးနဲ့ သေသေချာချာ ထုပ်ပြီး ကိုရင့်ဖို့ ချန်ထားမိတယ်။

ကိုရင်ကလဲ ပျိုးလက်ချတိုင်း သူယူလာတဲ့ ထန်းလျက်ခဲ လေးအစ ပဲလှော်လေးအစ ခါးပိုက်ထဲက ဖြေပြီး ကျုပ်ကို ကျွေးတယ်၊ ဒေါင်သလိပ်ပန်းတွေ ခူးလာပြန်ရင်လဲ ကျုပ်ပန်မှ ကြိုက်တယ်။ တစ်နေ့က တော့ ကိုရင်က ကျုပ်ဘေးမှာ ကူပြီး ကောက်စိုက်တယ်။ ကောက်ပင်ထိုး သလိုလိုနဲ့ ရေထဲမှာ ကိုရင်က ကျုပ်လက်ကို ဆုပ်ထားတယ်။

“စောင့်ရတာ ကြာလှပြီ။ မြရီရာ . . .နက်ငါ့ကို မသနားဘူးလား . . .။ ငါ့ကို ပြန်ပြီးချစ်မချစ် ပြောစမ်းပါဟာ” လို့ တိုးတိုးလေး မေးတယ်။ ကျုပ်ဖြင့် ရှက်လိုက်တာ လေ မပြောပါနဲ့တော့၊ ဘေးကတောင် မတွေ့ ရိပ်မိမှာလဲ စိုးတယ်။ လက်ကိုလဲ မလွှတ်ဖူး တော့၊ ပုဇွန်လုံးများ ညှပ်သလား အောက်မေ့ရအောင် တအား ဆုပ်ထားတယ်။ ရေက ခြေကျင်းဝတ်သာ သာထိ မြုပ်နေလို့ ဘေးကတော့

မမြင်ဘူးပေ့ါ။ ရှန်းလို့လဲမရဘူး။ ကြိုက်တယ်ပြောမှ လွှတ်မတဲ့။

ဒါနဲ့ စကားရှည်နေမှာ စိုးတာနဲ့ ၊ ဘေးကလဲ ရိပ်မိမှာ စိုးတာနဲ့၊ ပြီးတော့ . . .ပြီးတော့ သနားလဲ နဲနဲတော့ သနား သလိုလို ရှိတာနဲ့ ခေါင်းညိတ် လိုက်ရတယ်။ မှတ်မှတ်ရရ အဲဒီ နေ့က ပထမ ဝါဆိုလဆန်း ဆယ့်လေးရက်နေ့၊ ဘကြီးအောင်မြတို့ လယ်ကို နေ့စိုက်စိုက်တဲ့နေ့၊ ကိုရင်က ထန်းလျက်နှစ်ခဲကို ပေးရင်းနဲ့ . . . .“ထန်းလျက် နှစ်လုံး ပြူး . . .တသက် မမုန်ဘူး ”လို့ ပြုံးဖြီးဖြီးကြီး ပြောခဲ့တဲ့နေ့ . . .။

* *

## (၃)

ရည်းစားသနာရယ်လို့ ဖြစ်လာပေမယ့်လဲ ကျုပ်တို့ နှစ်ယောက်က အနေမှန် ကြပါတယ်။ ဒီနေ့ မင်္ဂလာဆောင် ကြတဲ့အထိ သုံးနှစ်သုံးသီးသာ ကြာလာတယ် . . . တခါဘဲ လူကြီး မသိအောင် ချိန်းချက်ပြီး တွေ့ဘူးကြပါရဲ့။ အဲဒီ တုန်းက တွေ့တာကလဲ ကိုရင် က နောက်တနေ့ ဘိုးတော်တောကို ထင်းခုတ်သွားရမှာမို့ “ဒီနေ့ တရက်တော့ တွေကပါရစေဟာ” လို့ ပူဆာ လွန်းလို့၊ လူမမာ ခြောက်တောင်းသလို တဖွဖွပြောလွန်းလို့ . . . .။

အိမ်နောက်ဖေးက . . .သလဲပင်နားမှာ တွေ့ကြတယ်။ အရင်ကတော့ တခါမှ လက်ကို ကိုင်တဲ့ အဆင့် ထက် မကျော်ဘူးဘူး။ ကိုရင့်ကို မယုံလို့လားဆို တော့လဲ မဟုတ်ပေါင် ။ အပျိုဘဝမှာတော့ အပျိုလိုဘဲ နေချင်လို့ကို တမင် စည်းစောင့်တာ။ အဲဒီ ချိန်းတွေ့တဲ့ ညကတော့ . . .။

လကလေးကလဲ သာသာ . . .လေကလေးကလဲ တဖြူးဖြူး . . . ခင်ပုတ်ချီပန်းနံ့ လေးတွေကလဲ တသင်းသင်းနဲ့ . . .။

တွေ့လို့မှ မကြာသေးဘူး၊ ကိုရင်က ဘာမပြော ညာမပြောနဲ့ ဖြူန်းဆို ကျုပ်ပါးလေးကို မွှေးပါလေရော။ ဒေါသဖြစ်လိုက်ပုံများ တော့လေ . . . ကိုရင်မို့ သာ တခြားလူသာ ဆိုရင် ပါးကွဲအောင် ရိုက်ပစ်လိုက် မယ်မှတ်။

သန်ကောင်ကြက်တွန်းပြီးမှ ကိုရင် ပြန်သွားပေမယ့် ကျုပ်တို့ ဘယ်လောက် စည်းစောင့်ကြ တယ်ဆိုတာ ကျုပ်တို့ ကိုယ်စောင့်နတ်တွေ သာ အသိဆုံးပါ။

ဒီ့ နောက်တော့ သိပ်မကြာပါဘူး။ ကိုရင်က လူကြီးစုံရာနဲ့ အမေ့ကို လာပြောတယ်။ သူ့ဆရာ ဦးအောင်မြတို့လဲ ပါသေးပေ့ါ။ အမေကလဲ မငြင်း လိုက်ပါဘူး။ ငြင်းလို့လဲ ဘယ်ဖြစ်ပ့ါ မလဲတော့။ ကိုယ့်သမီးက ကြိုက်နေမှကိုး။ ပြီးတော့ ကိုရင်က အလုပ်လုပ်ရင် ခါးချိုးပြီး လုပ်တတ်တာရယ် . . . ရိုးရိုးဖြောင့်ဖြောင့် ရှိတာရယ်။ ကျုပ်တို့မှာကလဲ အားကိုးအား ထား ယောကျာ်းတယောက် လိုနေတာရယ် . . . .။ သဟာတွေကြောင့် အမေက လက်ခံလိုက်တယ်။

ဟော . . . .ဒီနေ့ကတော့ ကျုပ်တို့ မင်္ဂလာဆောင်တဲ့ နေ့ပေ့ါ။ မင်္ဂလာဆောင် ဆိုပေမယ့် ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး။ ကျုပ်တို့ ကိုရင်တို့က ငွေပိုငေါ်လျှံ ရှိတာမှတ်လို့၊ ကျုပ်တို့ မင်္ဂလာဆောင် မတိုင်ခင်က ပြီးသွားတဲ့ ဇီးတောသူကြီး သမီး မင်္ဂလာ ဆောင်များတော့ သိပ်စည်တာ ဘဲတဲ့။ ဝက်ကြော်ကျွေးသတဲ့။ ဝက်သားတုံးကြီး တတုံးတတုံးများ လက်သီးဆုပ် လောက်ရှိဆိုဘဲ။ မျက်နှာကြီး မင်္ဂလာဆောင် ဆိုတော့ ကြိတ်ကြိတ်တိုး စည်လွန်းလို့ . . . ။

“သတိုးသား သာအေး၊ ဝက်သားကျွေး၊ ဖြေးဖြေး ဝင်ကြပါ” လို့တောင် ကျွေးရုံဝမှာ ဖျာတချပ်ကို စာရေးပြီး ကပ်ထားရသတဲ့။ ခုတင်တွေ၊ မွေ့ရာတွေ ခေါင်းအုံးတွေ ဆိုရင်လဲ မန္တလေးအထိ ထက်ပြီး ဝယ်ကြသတဲ့။

ဒါတွေပြောတာ ကျုပ်က အားကျလို့ ပြောတာ မဟုတ်ပါဘူး။ သူများ မင်္ဂလာဆောင်ကို သွားရည်ကျစရာလဲ မလိုပါဘူး။ မကြာသေးခင်ကမို့ ပူပူနွေးနွေး ပြီးသွားတဲ့ မင်္ဂလာဆောင်မို့ သတိရလို့ ပြောတာပါ။ ကျုပ်တို့မင်္ဂလာ ဆောင်ကတော့ ဝက်ကြော်လဲ မကျွေး နိုင်ပါဘူး။ ဝက်ကြော်မပြောနဲ့ ပဲခြမ်းကြော်နဲ့တောင် လဘက်ရည် မတိုက်နိုင်ဘူး။ ပြောရမယ် ဆိုရင်တော့ သကြားငါးပိဿနဲ့ ပြီးလိုက်တာဘဲ။ ရွာက ကာလသားငွေနဲ့ ထောင်ထားတဲ့ ဘုံပန်းကန်တွေ ထဲမှာ သကြားထည့်ပြီး ကြေးဇွန်းကလေးတွေ စိုက် ဧည့်ခံ လိုက်တာဘဲ။ လာတဲ့ပရိသတ်တွေက သကြားကို အမြည်းလုပ်ပြီး ရေနွေးကြမ်းနဲ့ သောက်ကြတယ်လေ။

ရွာဦးကျောင်းကိုတော့ ဟင်းစုံအောင်ချက်ပြီး ဆွမ်းအုပ်တအုပ် ပို့လိုက်တယ်။ ရွာထဲက လူကြီးသူမ ဆယ်ဦးလောက်ကို ထမင်းဖိတ် ကျွေးလိုက်တယ်။ ဒီလောက် အကျဉ်းရုံးတာတောင် အကုန်အကျက မသက်သာလှဘူး တော်ရေ့ . . .။လဘက်ခြောက်ဖိုးနဲ့ သကြားဖိုးနဲ့ ဆန်ဖိုး ဆီဖိုး ဟင်းလျာဖိုးနဲ့၊ လဖက်ဖိုး ခြင်းဖိုးနဲ့၊ လူကြီးတွေ ကန်တော့ဘို့ အုန်းငှက်ပျောဖိုးနဲ့၊ ကာလသားကြေး၊ အပျိုကြေးနဲ့ ဆိုတော့ တမိုးတွင်းလုံး လုပ်ထားရတဲ့ ကိုရင့် လူငှားခ, လေးတော့ ပြုတ်မှာဘဲ။ အခု လုပ်နိုင်တာတောင်မှ ကိုရင့်စာရင်းဒိုင် ဦးအောင်မြကြီးက သဘောကောင်း လွန်းလို့၊ ငွေကြိုပြီး ထုတ်ပေးထားပေလို့၊ နောင်နှစ် တလင်းတက်ချိန်ကျမှ လူငှားခနဲ့ နှိမ်ယူမယ် ဆိုပြီး စပါးတိုးနဲ့ တွက်ပြီး ငွေထုတ်ပေးပေလို့။

နေ့လယ်တုန်းကတော့ လက်ပံပင်ဆက်ရက် ကျသလား အောက်မေ့ရတယ်။ ကောင်မတွေ မဏ္ဍပ်ထဲမှာ ဆူညံနေတာဘဲ။

"ဟေ့ . . . .ကိုရင်သာညွန့်ကြီးက အခုလို ယောပုဆိုး နဲ့၊ တိုက်ပုံအကျႌနဲ့ ဆိုတော့ ခန့်ချောကြီးအေရဲ့၊ ငါ တောင် ကြိုက်ချင်လာပြီ" လို့ သူငယ်ချင်း ပေါခင်က ပြောတယ်။

ကျုပ်ကိုတော့လဲ . . . "အောင်မယ် . . . ရှင်မရီက နှုတ်ခမ်းနီ တွေဆိုးလို့ပါလား" လို့ ပြောင်တဲ့ လူကပြောင် တယ်။ အပျိုခန်း ထဲဝင်ကြပြန်တော့လဲ သူတို့ကတော့ ပြောင်စရာ အကွက်ရှာ နေကြတာပါဘဲ။ အကဲဆုံးကတော့ . . .ပေါခင်။

အခန်းထဲ ရောက်ရောက်ချင်းဘဲ အင်ကြင်းသား ခုတင်လေးကို လှူပ်ကြည့်ကြတယ်။ "ခိုင်သားဘဲဟဲ့" လို့လဲ မထိတထိ ပြောသေးရဲ့။ "ကိုရင်သာညွန့် လက်မောင်း အိုးကြီး တွေက အကြီးကြီးတွေနော် " လို့လဲ မဆီမဆိုင် ပြောလိုက်ကြ သေးတယ်။

ဒေါ်အုန်းသင်ကတော့ ပြောပြန်တယ်။ "ဒီကောင်မကို နှမ်းဖက်ချိန်တဲ့ ချိန်ခွင်အကြီးကြီးနဲ့ ဒီနေ့ ချိန်ကြည့်ထား ချင်တယ်။ နက်ဖန်မနက် ရောက်တော့လဲ ကြည့်ထားချင်တယ်။ နက်ဖန်မနက် ရောက်တော့လဲ ထခါထပ်ပြီး ချိန်ကြည့်ချင်တယ်" တဲ့ ။ ဘာပြောမှန်း လဲ မသိဘူး။ အပျိုကြီး ကပေမယ့် အလာသား။

ကျုပ်ဖြင့် သူတို့ကြားထဲမှာ ခေါင်းကို မဖော်ရဲဘူး ။ အရေးထဲမှာ လုံချည်ကလဲ ဒီနေ့မှ ထုတ်ဝတ်တဲ့ ချည်ပါပိုးလုံချည် အသစ်ဆိုတော့ မာထောင့်ထောင့် နဲ့ အဝတ်ရ သိပ်ခက်တာဘဲ။ ဝတ်ပြီးရင် ချပ်ချပ်ရပ်ရပ် ဖြစ်အောင် ဆွဲဆွဲသပ် နေရတယ်။

အကျ..စား သန်ကြလွန်းလို့ ကျုပ်ဖြင့်လေ ရှက်ရှက် နဲ့ မျက်နှာလေးကို ဇီးရွက်လောက် ရှိတော့ တယ်ထင်တာဘဲ။ ကိုရင့်ကိုလဲ သူ့သူငယ်ချင်း ထနောင်းမြိုင်က ကိုစန်းမောင် တို့လူသိုက်က သည်လိုလဲ ပြောင် ကြနောက်ကြ မယ် ထင်ပါရဲ့နော်။

ကိုရင်ဆိုတဲ့ ကိုရင်ကတော့လေ . . . သူ့အလုပ်ကို တော့ သူ သိပ်လေးစားတာ။ မင်္ဂလာ ဆောင်မှ လူစကာ ရှိသေးတယ် ။ ဘုံပန်းကန်တွေ တောင်

ကာလသားခေါင်း အိမ်ပြန်မပို့ရသေးဘူး ငှားထားတဲ့ ဖျာတွေကိုတောင် ပြန်မပို့ရသေးဘူး။ လယ်တောကို ထွက်သွားတော့ တာဘဲ၊ မသွားလို့ လဲမရဘူးလေ၊ စာရင်းဒိုင် ဦးအောင်မြက လူလွှတ်ပြီး အခေါ်ခိုင်းတာကိုး။

လူငှားက တယောက်ထဲ ရှိတော့ နွားကျွေးတာကို မလစ်ဟင်းစေချင်ဘူးတဲ့ ။ ပြီးတော့ သူ့လယ်တွေကို အဝှမ်းအကောာ ညှိချင်သတဲ့။ မိုးရေမလာခင် မိုးဦးအမှီ ညှိထားရမှာမို့ တရက်မှ မပျက်စေချင်ဘူးတဲ့။ ကိုရင်ကတော့ ထူးထူးထွေထွေ ပြောမနေပါဘူး။ အဝတ်အစား သစ်တွေကို အဝတ်ကြမ်းနဲ့လဲပြီး ပေါက်ပြားတလက် ဆွဲထွက်သွားတာပါဘဲ။ ဒီလေခံ အလုပ်ကို လေးစားတဲ့လူ၊ ဒါ့ကြောင့်လဲ ကျုပ်ကို အေးငြိမ်းတရွာလုံးက "မယ်အေးသမီး မြရီတယောက် လင်ရကံ ကောင်းတယ်။ ပုဆိုးရေမခြောက် လုပ်ကိုင်ကျွေးမယ့် လူကိုရတယ်"လို့ ချီးမွမ်းကြ တာနေမှာ ပါဘဲ။

လယ်ထဲက ပြန်လာပြန်တော့လဲ သူ့ခမျာ မထိုင်အားရှာဘူး။ ဦးအောင်မြ နွားမတကောင်က ပြန်မလာဘူးတဲ့ ။ နွေဆိုတော့ ခိုင်နွားတွေကိုသာ အိမ်မှာ ဖျော်ကျွေးပြီး ကျန်တဲ့နွားမတွေ နွားလေးတွေကို တော့ လယ်တောထဲ လွှတ်ထားကြတာကိုး။ အဲဒါ ချိုထောင်မကောင်က ပြန်မလာလို့ နွားရှာသွား ရဦးမယ်တဲ့။

အမေက ချွေးသံတွေနဲ့ သူ့သမက်ကိုကြည့်ပြီး . . . .

"နားပါအုံးလား မောင်သာညွန့်ရယ်"လို့ ပြောတာတောင်မှ မနားဘူး။ "မနားသေးဘူး အရီးအေး ရာ၊ နေရှိတုန်းရှာမှ၊ ဒီနွားမက သိပ်ဆော့တာ" ဆိုပြီး ချွေးမတိတ်ခင် ထွက်သွားပြန်တယ်၊ အမေကတော့ အလုပ်ရှိသေတဲ့ သူ့သမက်ကလေးကို သဘောကျ လွန်းလို့ ခေါင်းတညိတ်ညိတ်နဲ့။

သွားမယ့်သွားတော့လဲ ခုထိတောင်မပေါ်လာသေး ဘူး၊ အနောက်ကွင်းက ကုန်းအထက်မှာ များ လူရိပ်မြင်သေသလား . . . ကိုရင်

ပြန်လာလေမလားလို့ ခြေဖျားထောက်,ထောက်ပြီး မျှော်ကြည့် နေရတယ်၊ မျှော်ရလွန်းအားကြီးတော့ ဒေါသ ဖြစ်လာတယ်။ ရင်ထဲမှာလဲ တောရှာ ဗျောတီးနေသလို တဒိန်းဒိန်း တဗြုန်းဗြုန်းနဲ့ ၊ ငါ့နှယ်နော် . . . စိတ်မရှည်လိုက်တာ။ ပင်ပင်ပန်းပန်း မလုပ်ရပေမယ့် တစ်နေကုန် . . . .စိတ်မရှည်လိုက်တာ . . .။

ကိုရင့်ကို စိတ်ပေါက်တိုင်း ကျောမှီပြီး ရပ်နေတဲ့ မန်ကျည်းပင်ကြီးက မန်ကျည်းရွက်တွေကို အငြိုးနဲ့ သပ်, သပ်ချနေမိသည်။ သွားလေရော့ဟဲ့ . . . သွားလေ ရော့ဟဲ့ . . . လို့ဆိုဆိုပြီး။

အင်း - ကိုရင် ကလဲနော် ခုထိတောင်ပေါ် မလာနိုင်သေးဘူး။

* *

## (၄)

လာမယ့် လာတော့ မှောင်မှ မဲမှ။ ။ နေစုတ်စုတ်တန်းမှ၊ မိုးကြီးစုတ်စုတ် ချုပ်မှ။

သည်လောက်တောင် ကြာရ ကောင်းလာဆိုပြီးဒေါပွပွနဲ့ သူ့ကို နှုတ်တောင် မဆက်လိုက်ဖူး။ လက်ကို လာကိုင်တော့လဲ ဆောင့်ရုန်းပစ်လိုက်တယ်။ ကျောင်းခေါင်းလောင်း စင်က ဂဠုန်နှုတ်သီးလို ချွန်နေအောင် နှုတ်ခမ်းကိုလဲ တအား စူထားလိုက်တယ်။ စိတ်ဆိုးနေမှန်း သိရောတဲ့ ဆိုပြီး မျက်စောင်းလဲ ခဏခဏ ထိုးတယ်၊ ဒါကို ဘသားချောက စိတ်ဆိုးလို့ ဆိုးမှန်းမသိဘူး။ မရိပ်မိဘူး။

စိတ်ဆိုးမှန်း မသိတဲ့အပြင် ရေသနပ်ပုဆိုးနဲ့ပ သူ့ချွေးတွေကို သုတ်ပစ်လိုက်ပြီး . . .

“ရှာလိုက်ရတာ ကွာ၊ တကွင်းလုံးကိုနှံ့ နေတာဘဲ၊ ငါးရတွင်းလောက်

ဝေတဲ့ လုံးတော် ရှာနားမှာမှ သွားတွေ့တယ်၊ နွားမက နွားရိုင်းပြေး ပြေးတာကိုကွ၊ မူးရိုးဘေးက လယ်ကျင်းထဲမှာ လဲနေတယ်၊ မြက်စိမ်းတွေ ရိတ်ကျွေး၊ ရေတိုက်ပြီး ထူထူ ဖြစ်အောင် လုပ်ပြီးမှ မနဲ ဆွဲခေါ်လာ ရတယ်၊ မောလိုက်တာကို လွန်ပါရော . . . .”တဲ့။

“မောတယ်လို့ ပြောတာက သူ့ကို ရေခပ်ပြီး တိုက်စေချင်လို့ ပြောတာ၊ တိုက်ပေါင်တော်”

“နေ့လယ်ကလဲ ပေါက်ပြားပေါက်၊ ညနေပိုင်းလဲ ရှောက်သွားထားရတော့ တကိုယ်လုံးကို ညောင်းပျစ် နေတာဘဲဟေ့”တဲ့။

ဒါက အိပ်ရာဝင်ကျရင် သူ့ကို နင်းနှိပ်ပေးအောင် လို့ ပြောတာ၊ နင်းပေါင်တော်။ ဒါမျိုးများတော့ စောမေတို့က နှောကျေလို့၊ နင်းလိုက် ပါလိမ့်မယ် အားကြီး။ လင်နေစ ဆင်သေမှတဲ့။

ထမင်းတောင်မှ “ဟဲ့- မိရီ ထမင်းခူးကျွေးလိုက် ပါအုံးဟဲ့၊ သူခများ မောမော ပန်းပန်းနဲ့ ပြန်လာတာ” လို့ အမေက ပြောလို့ ခူးကျွေးတာ၊ နို့မို့တော့ အဝေးသား။

မနက်က မင်္ဂလာဆောင်က အကျန်နဲ့ ဆိုတော့ ညနေထမင်းက ဟင်းသိပ်မညံ့ဘူး။ စားလိုက်တာ လေ . . .ကိုရင်ကတော့ ခေါင်းတောင် မဖော်ဘူး၊ ထန်းသီး လောက်ရှိတဲ့ သူ့လက်ကြီးနဲ့ ထမင်းတွေကို ဆုပ်ဆုပ်ပြီး လွေးလိုက်တာ . . . ။

“စား . . စား ဒို့သားအမိ စားပြီးပြီ ၊ မင်းတယောက်ဘဲ ကျန်တော့တာ” လို့ အမေက တောင် သူ့သမက် သစားတာကို ကြည့်ပြီး စေတနာ ပိုနေလိုက်သေးတယ်။ စားပြီး ပြန်တော့ ပြောင်ဖူးဖက် ဆေးလိပ်တလိပ်နဲ့ သူက မှိန်းနေတယ်။

ကျုပ်ကလဲ စကားမပြောဘူး၊ သူကလဲ စကား မပြောဘူး၊ အမေကလဲ

ပုတီးစိပ် နေတာမို့ စကား မပြောဘူး။

တဖြည်းဖြည်း နဲ့ ရွာထဲမှာ လူသံနွားသံတွေ ဆိတ်လာတယ်။ ဘုတ်အီသံ၊ ခါပြောက် တွန်သံတွေလဲ မကြားရတော့ဘူး။ အိမ်တိုင်းမှာလဲ ရေနံဆီမီးခွက် ကလေးတွေ တလက်လက်နဲ့။

ကိုရင် ဆိုတဲ့လူက စကားပြောရင် ဘယ်ရောက်လို့ ဘယ်ရောက်မှန်း သိမထင်ပါဘူး၊ ကိုယ်ထွန်ရမယ့် လက်ကို မြင်တာနဲ့ ရေအတိမ်အနက် ဘယ်လောက် ရှိတယ်ဆိုတာကို သိပေတဲ့ . . . ကိုယ်ပြောမယ့် စကားရဲ့ အတိမ်အနက်ကိုတော့ သိပုံမပေါ်ဘူး။

ကြည့်ပါလား၊ သူငယ်အိပ်ဆိတ် ဘုရားဝပ်တက် မတွန်သေးဘူး။ ရွာဦးကျောင်းက ဘုရားဝပ်တက် ခေါင်းလောင်းတောင် မထိုးသေးဘူး။ “အိပ်ချင်ပြီ ကွာ . . . အခန်းထဲကိုဝင်ပြီး လှဲချေကြစို့ရဲ့” တဲ့။

ဒါ . . . ယောက်ခမရှေ့မှာ သက်အသစ် စက်စက် က ပြောရမယ့် စကားတဲ့လား။ ကိုယ့်စကား က ဘယ်အထိတာ သွားတယ်ဆိုတာ သူမသိဘူးတဲ့လား။ ပြောပြီးတော့လဲ ခဏလေးတောင် ဟန်လုပ်ပြီး ထိုင်မနေဘူး။ မီးခွက်တခွက် ညှိလို့ ထတဲ့ပြီး အခန်းထဲကို ဝင်သွားလိုက်တာ ဒီနေ့မှစပြီး ရောက်လာတဲ့ အိမ်ကိုဘဲ မမွေးခင် က နေလာတဲ့အိမ် ကျနေတာဘဲ။ ပိုင်စိုးပိုင်နင်း ရှိလိုက်တာ။

ကျုပ်ကတော့ လိုက်မသွားပါဘူး။ အမေ့နားမှာ ဘဲ အကြာကြီး ထိုင်နေလိုက်သည်။ စိတ်ထဲမှာ ဘာလိုလိုနဲ့မို့၊ ရေနံဆီမီးခွက်ရဲ့ မီးစာထိပ်က မင်သီးလေး တွေကို တွယ်ချိတ်အပ်ဖျားနဲ့ ချွေ နေလိုက်တယ်။

ကြာလာတော့ အမေက ပြောတယ် . . .

“ဟဲ့ . . . မိရီ အိပ်ချေတော့ လေ၊ မိုးချုပ်ပြီ ”တဲ့ ။ ကျုပ်ကတော့ မထရဲသေးဘူး။ အမေ့ကို ရှက်နေတယ်။

“ဟဲ့ . . . ကောင်းမလေး . . . ပြောနေတာ မကြားဘူးလား၊ တစ်နေ့လုံးလဲ မိုးတိုးမတ်တတ်နဲ့ နေနေရတာ အညောင်း မိနေလိမ့်မယ် လှဲချေတော့ ”တဲ့။

သည့်တော့မှ အသာလေး မထချင်ထချင်နဲ့ ထိုင်ရာက ထနယ်။ စိန်ဂွတ်ထော် အငြိမ့်ထဲက ယိုးဒယားကတဲ့ မင်းသမီးလေး ထိုင်ရာက ထသလို တကယ့် ကို ဖြည်ဖြည်းလေး တကယ်။

အခန်းနဲ့ အနီးလေး ပေမယ့် သွားရမယ် ခရီးက တခေါ်လောက် ဝေးသလို စိတ်ထဲမှာ ထင်နေမိတယ်။

ကျုပ်ဖြင့် ဟောဒီမင်္ဂလာဦး ညဆိုတဲ့ ဟာကြီးကို အခုလို့ ကြုံလာမှ ပိုပြီး ကြောက်လာတယ်။ ရင်ထဲမှာလဲ တလှပ်လှပ်နဲ့ ကိုယ်လက်ဖျားတွေ ကိုယ်ကိုင်ကြည့်တော့ လဲ တဈွေလက်ကျနေတာဘဲ၊ အေးလို့ စက်လို့။

နေ့ခင်းတုန်းက ကောင်မတွေ ပြောခဲ့တဲ့ စကားတွေကို ပြန်ပြီး ကြားယောင်လာမိတယ်။ အခန်းတံခါးဝကြီးကို မြင်ရတာ ကိုကဘဲ ကျားပါးစပ်ကြီးလိုဘဲ။ အခန်းထဲဝင်ရမှာကိုလဲ မျှော့တွေ၊ ကျွတ်တွေ လန်းလန်း လန်းလန်းနေအောင် ပေါလှပါတယ် ဆိုတဲ့ လယ်ကွက်ထဲ ဆင်းရမှာကို အသဲယား နေတယ်။

တုံ့နှေးတုံ့နှေး လျှောက်လာရင်းက မီးခွက်ရောင် ရှိလျက်နဲ့ကိုဘဲ တံခါးနားမှာ ချထားတဲ့ ဆေးစပ်တောင်ကြီးကို ခလုတ်တိုက်မိ ပါလေရော။ ကိုယ့်ပါးစပ်ကို ကမန်းကတန်း ပိတ်ပေမယ့် မရဘူး။

“အမေ့ ” လို့ အကျယ်ကြီး ယောင်အောင်လိုက် မိတယ်။ အဲဒါမှ ဒုက္ခ၊ ကျုပ်အော်သံကို အခန်းထဲက ဟိုလူကြီး ကြားသွားတော့မယ်။ ကြားရင် ကျုပ်အခန်းထဲ ဝင်လာတော့ မယ်ဆိုတာ သူကြီး သိတော့မယ်။

သိရင် . . . .

သိလို့အခန်းတံခါး ဘေးမှာ အသာလေးကပ်နေပြီး ကျုပ်ဝင်အသွားမှာ ဆီးပြီး ပွေ့လိုက်ရင် ဘယ်နှယ့်လုပ်ပ့ါမယ်။ အဲသလိုများ ဖွေ့လိုက်ရင် . . . .

အဲဒီ အတွေးတွေနဲ့ . . . လန့်ရင်း . . . ကြောက်ရင် . . . ဒူးတဆတ်ဆတ် တုန်ရင်း . . .ဖိုနေတဲ့ရင်ကို လက်နှစ်ဖက် နဲ့ စုံဖိရင်း . . . ငြိမ်နေတဲ့ အခန်းကြီးထဲကို တထိတ်ထိတ်နဲပ တလှမ်းချင်း ဝင်လိုက်ရတယ်။

အခန်းထဲရောက်ပြန်တော့ မှ ဟို . . .ဟို . . . ခုတင်ကြီး ဆီကို မရဲတရဲနဲ့ ကြည့်လိုက်ရတယ်။ ဟောတော့ . . . ဟောတော့ . . .။

အရပ်ကတို့ရေ . . . ကြည့်လှဲ့ကြပါအုံး။ မင်္ဂလာဦး ညသတိုးသားတဲ့ တော် . . .။ တညလုံး တရေးမှ မနိုးတော့ မယ့် အိပ်ပုံမျိုးနဲ့ ခြေပစ်လက်ပစ် နှစ်နှစ်ခြိုက်ခြိုက် အားရပါးရကြီး ကာလနဝါးအိပ် သလိုအိပ်ပျော်နေ လိုက်တာ . . .။

ကိုရင်သာညွှန့် တယောက်ကဖြင့် တခူးခူး တခေါခေါ မြည်အောင်တောင် ဟောခံလို့များ နေပါပကော လား တော်ရေ့ . . .။

* *

# မန်ကျည်းပင်အိုအို ရွက် ရွက်နုညွန့်စိုစို

“ဦးလှကြီး က တပိဿာ ၊ ခင်ပုတို့အိမ် က တပိဿာ အစိတ်၊ မပွဲက ငါးဆယ်သား၊ ရှင်မယ်ရီက အစိတ်သားရှင် မယ်ရီတို့များတော် သားတွေ မြေးတွေ စားလူ တစ်ပုံကြီးနဲ့ ခရမ်းသီးအ စိတ်သားထဲ ဝယ်ရတယ်လို့၊ ရွှေတာရန်ကော၊ မယ်တင်ရေ . . .မိုးဖွဲကျလာပြီဟဲ့၊ ခရမ်းသီးတောင်းတွေ သိမ်တော့ ”

အမေဆုံသည် ကျောသင်ပုန်းပေါ်ရှိ ယနေ့ရောင်းရသည့် ခရမ်းသီး အကြွေးစာရင်းများ ကို ဖတ်နေရာမှ မိုးရေစက်များ ကျလာသဖြင့် ဈေးတောင်းသိမ်းရန် မြေးငယ်အား သတိပေးလိုက်၏ ။ ရွာလယ် မန်ကျည်းပင်ကြီး အောက်မှ ဆိုင်ဟုဆိုလျှင် အမေဆုံ၏ ဟင်းသီး ဟင်းရွက် ဆိုင်ကို ဆိုလိုကြောင်း အေးငြိမ်းရွာတရွာလုံး သိကြသည်။

ဆိုင်ဟု ဆိုသော်လည်း အမိုးအကာမရှိ။ အခင်းမရှိ ။ မန်ကျည်းပင် အောက်မြေပြင် တွင် ပင် ဗန်းခင်းပြီး ရောင်းခြင်းဖြစ်၏ ။ အေးငြိမ်းရွာ၌ ဈေးဟူ၍ မရ။ ဆိုင်ကန္နားလည်း မရှိချေ။ ရွှေဘိုမြို့နှင့် ငါးမိုင်သာ ဝေးသောကြောင့် ရွာသားများသည် လိုအပ်သော ပစ္စည်းရှိလျှင် မြို့သို့ တက်၍ ဝယ်ကြ၏ ။ မုံ့နှင့် သားငါးပုစွန်တိုကိုကား တရွာမှလာ၍ ရောင်းသည့် ခေါင်းရွက်ဈေးသည် များထံမှ ဝယ်စားကြသည်။ ထို့ကြောင့် အေးငြိမ်းရွာတွင် တနေရာထဲ၌ ထိုင်ပြီးရောင်း သော ဆိုင်ဟု ဆိုစရာမှာ အမေဆုံ၏ ဟင်းသီးဟင်းရွက် ဆိုင်တဆိုင်သာရှိ၏ ။ အမေဆုံ၏ ဆိုင်ကား အမေဆုံ သီလ ဆောက်တည်မြဲ ဖြစ်သည့် ဥပုသ်နေ့မှ တပါး နံနက်တိုင်း ထွက်သည်။ အမေဆုံ၏ ဆိုင်ကို ဘယ်သူမှ မတုပနိုင်ကြ။ ခရမ်းသီး ဟုဆိုပေမယ့် အမေဆုံ၏ အခင်းမှ ထွက်သော ခရမ်းသီးသည် ပို၍ ချော၏ ။ ပို၍ ချို၏ ။

ပိုးလည်း လွတ်သည်။ ထို့ပြင် အမေဆုံ၌ ဈေးသည် စိတ်မရှိ။ ရက်ရောသည်။ အမေဆုံ၏ ဆိုင်မှ ချိန်ခွင်လျှာ သည် ဝယ်သူဖက်သို့ သာမြဲပင်။

အဆစ်လည်း သမျှ ပစ္စည်းသည် ဆွမ်းခံမဝင်ခင် ကုန်လေ့ရှိ၏။ ငွေလက်ငင်းမချေဘဲ အကြွေးဝယ် ယူသူများကို အမေဆုံသည် ကျောက်သင်ပုန်းငယ်ပေါ်တွင် ကံ့ကူဆံဖြင့် စာရင်းမှတ်၏။ သို့သော် အမေဆုံ၏ ပခုံးပေါ်မှ ကျော်ပြီး စာရင်းများကို ဖတ်ကြည့်ပါက ဘာမျှ နားလည်နိုင်မည် မဟုတ်ချေ။

"အမေဆုံကလဲဗျာ . . . တဂျစ်ဂျစ်နဲ့ မှတ်လိုက်တာ၊ ဘာတွေမှတ်မှန်းလဲ မသိဘူး။ ကျုပ်တို့ဖြင့် ဖတ်လို့မရပေါင်" ဟူ၍ ပြောပါက အမေဆုံသည် ကွမ်းသွေးများ စွတ်စိုနီရဲ နေသည့် သူ့အောန့ုတ်ခမ်းပါးလေးကို လက်ညှိုး လက်မတို့ဖြင့် သုတ်ရင်း . . .

"ဟဲ့ . . . နင်တို့ ဘယ်ဖတ်လို့ မရပ့ါမလဲ၊ ငါရေးတာ က နတ်စာဟဲ့ . . . နတ်စာဆိုတာ နတ်တွေ၊ သိကြားတွေ၊ သီလရှိတဲ့ လူတွေမှ ဖတ်လို့ရတယ်" ဟု ချေပတတ်၏။ ပြီးမှ ရယ်နေတတ်သည်။

ကျောက်သင်ပုန်းပေါ်မှ အမေဆုံပြောသည့် နတ်စာများကို လေ့လာကြည့်ပါက လက်ဝဲဖက်ဘောင် အနီးတွင် ဝ -လုံးလိုလို၊ သစ်ပင်လိုလို၊ တိရစ္ဆာန် အရုပ်လိုလို အရာများကို တွေ့ရ၏။

ယင်းသင်္ကေတများကား ဈေးဝယ်သူတို့၏ အမည်များ ဖြစ်၏။ ဒေါ်ပွဲဆိုလျှင် နွားခေါင်းပုံလေး ရေးလိုက်၏။ ဒေါ်ပွဲတို့ အိမ်တွင် နွားချောချော တရှဉ်း ရှိသောကြောင့် တည်း။ ဤသို့လျှင် အမေဆုံသည် တရွာလုံးမှ ဈေးဝယ်သူအမည် များကို သူ့သညာနှင့် သူမှတ်နိုင်စွမ်း ရှိ၏။ ရောင်းရသည့် ကုန်ချိန်ကိုလည်း အမေဆုံသည် ဈေးဝယ်သူ အမည်နှင့် ယှဉ်၍ မှတ်၏။ သို့ရာတွင် သူတကာ ကဲ့သို့ တုတ်ချောင်းငယ်များ တချောင်း၊ နှစ်ချောင်း စသည် ခြစ်ပြီး မမှတ်။ မြွေသဏ္ဌာန် မျဉ်း ကောက်လေး တချောင်းကိုသာ ခြစ်ပြီး မှတ်သည်။

ထိုမြွေ အတိုအရှည် သည်ပင်လျှင် ကုန်ပစ္စည်း၏ အလေးချိန်၊ ကုန်ပစ္စည်း ၏ အရေအတွက် ဖြစ်သည်။ တပိဿာအစိတ် ဆိုလျှင် မြွေ၏

အရှည်သည် ဘယ်မျှဟူ၍ အမေဆုံသည် မျက်မှန်း လက်ဆဖြင့် ဆွဲတတ်နေသည်။

တွေးကြည့်လျှင်ကား လူအမည်ရောဂါ ကုန်ချိန်ပါ မှားစရာ ကောင်းလှသည်။ အမေဆုံကား မမှား။ ဤကဲ့သို့ သင်ပုန်းတချပ်ဖြင့် မှတ်သားရောင်းချ လာခဲ့သည်မှာ ဆယ်နှစ်ကျော် ချေပြီ။ တစ်ခါမှ လူအမည် ရောဂါ ပစ္စည်း အရေအတွက် အချိန်အတွက် ဝါမှားယွင်း ဘူးခြင်းမရှိ။ သူ့သင်္ကေတနှင့် သူ့ဟန်လျက် ရှိ၏။

စင်စစ် အမေဆုံသည် စာမတတ်ရှာပေ။ အမေဆုံ တို့ငယ်စဉ်က ရွာ၏ အလေ့မှာ လည်း မိန်းကလေးများ ကို ကျောင်းအပ်လေ့ မရှိခဲ့။ “သမီးမိန်းကလေးဆို တာစာမတတ်ဖို့ မလိုပါဘူး” ဟူ၍ မိဘတိုင်းက ပြောခဲ့ကြ၏။ ထို့ကြောင့် အမေဆုံ တို့ခေတ်က ဘုန်းတော်ကြီး ကျောင်းတွင် စာသင်သား ဟူသရွေ့ ယောကျာ်းလေး ချည်းသာဖြစ်ခဲ့၏။

ရွာထဲမှ အမေဆုံ တို့အရွယ် ခြောက်ဆယ်နီးပါး မိန်းမကြီးများတွင် စာတတ်သူ ဟူ၍ မရှိ သလောက်ပင်။

အမေဆုံ အသက်ဆုံး ဆယ့်လေးနှစ်တွင် ခင်ပွန်း ဆုံးခဲ့၏။ သမီးတယောက် သာ ကျန်ရစ်သည်။ သမီးကို ငဲ့သဖြင့် အမေဆုံသည် အိမ်ထောင်သစ် မထူထောင်ခဲ့။ သမီးအရွယ် ရောက်သောအခါ ရွာထဲမှ သင့်တော်သူတယောက်နှင့် ထိမ်းမြားပေး၏။ အမေဆုံသည် ကံမကောင်းရှာပေ။ အမေဆုံ၏ သမီးသည် ယခုမြေးငယ် မယ်တင့်ကို မွေးဖွားစဉ်ပင် သွေးတက်၍ သေဆုံးသွား၏။

သမီးဆုံးပြီး မကြာမီမှာ ပင်သားမက်က နောက်အိမ်ထောင် ပြုသည်။ ယခုမူ အမေဆုံ၏ အနီးတွင် မြေးငယ်မယ်တင့် တယောက်သာ ကျန်တော့၏။

အမေဆုံကား လောကဓံ ကိုမမှု။ အသက်ခြောက် ဆယ်ပြည့်တော့မည့်တိုင် ခြံထဲတွင် တကုတ်ကုတ်နှင့် ရာသီသီးနှံပင်များ

စိုက်ပျိုးနေတတ်၏ ။ အသက်ကြီးပြီ ဖြစ်၍ အေးအေးဆေးဆေး နေရန်ပြောလျှင် . . .

"ဟဲ့ . . . လူဆိုတာ ချွေးထွက်မှ ကျန်းမာတာ၊ အခုလို တသက်လုံး လှုပ်လှုပ်ရှားရှား လုပ်ကိုင်ခဲ့လို့ အမေ ဒီအရွယ်အထိ ခါးမကိုင်း နားမထိုင်းတဲ့အပြင် မျက်စိမမှုန်တာ " ဟု ပြောလေ့ ရှိသည်။ စိုက်ခင်းမှ ထွက်သော သီးနှံများကို နံနက်ခင်းတိုင်း ရွာလယ်မန်ကျည်း ပင်ကြီးအောက် တွင် ထိုင်ပြီးရောင်း၏ ။ ဆိုင်သိမ်းလျှင် အိမ်ပြန်ပြီး ရေချိုး ထမင်းစားသည်။ ပုတီးစိပ်သည်။

ထို့နောက် တရေးတမော အိပ်၏ ။ နေချိုသော အခါ ရွာထဲသို့လှည့်၍ နံနက်က မရသေးသော ကြွေးငွေများ တောင်းတတ်၏ ။

"မယ်တင့်ရေ . . .ငါ့ကွမ်းအစ်ထဲမှာ ကွမ်းကုန်နေပြီ၊ သွား -ကွမ်းရွက် ခူးချေစမ်း၊ ကတ်ကျေး ယူသွားနော်၊ အညှာကို လက်နဲ့ ဆိတ်ပြီး မဖြတ်နဲ့"

မြေးငယ်က ကွမ်းရွက်ချည်း သက်သက်ခေါက်၍ ပါးစပ်ထဲသို့ သွင်းငုံလိုက်၏ ။ ထို့နောက် ထုံးဗူးထဲမှ ထုံးကို လက်ညှိုးဖြင့် ကော်ပြီး လျှာကို သုတ်သည်။ ပြီးမှ ကွမ်းသီး စိတ်နှစ်စိတ် သုံးစိတ်ကို ပါးစပ်ထဲသို့ ပစ်ထည့်လိုက်ပြီး မြုံ့နေ၏ ။ အမေဆုံ ကွမ်းစားတိုင်း ကွမ်းရာကို တကျတန ရာစားလေ့ မရှိ။ သည်နည်း အတိုင်းပင် တခုချင်း တမျိုးချင်း စားသည်။

"ငါ . . .ရွာထဲလှည့်ပြီး အကြွေး တောင်းချေအုံးမယ်၊ နင်နေရစ်၊ ဟိုဖက်ခြံက ကြက်တွေ လာရင်မောင်းလွှတ်နော်"

အမေဆုံသည် ကျောက်သင်ပုန်းကို ကိုင်၍ ကြွေးတောင်းထွက် လာခဲ့၏ ။ ရှေးဦးစွာ ရွာသော် ကိုတင်ရ တို့အိမ်သို့ ဝင်၍ စာရင်းအရ ခရမ်းသီး တပိဿာဖိုး တောင်းသည်။

"အမေကလဲ ဘယ်ကလာ တပိဿာ ရမှာလဲ၊ မနက်က ကျုပ်ဝယ်တာ တပိဿာခွဲဗျ၊ အမေ့ပိုက်ဆံ ကို ညှာပြီး မယူချင်ပါဘူး၊ ရော့- ရော့ တပိဿာခွဲ ဘိုးယူသွား"

တခါမှ စာရင်း မမှားဘူးသော အမေသည်ကို တင်ရအား ကတ်ကတ်လန်အောင် ပြန်၍ ရန်တွေ့၏ ။ အလကားပို၍ ပေးသော ပိုက်ဆံကို ယူလောက်အောင် ပြန်၍ သူမငတ်သေးဟု ပြောပြီး တပိဿာဘိုး သာယူသည်။

"ဒီမယ် မောင်ထင်ရ -မှတ်ထား၊ အမေစာတတ် ပေမယ့် ဈေးစာရင်း မှတ်လာတာ ဆယ်နှစ်ရှိပြီ၊ ငါ့စာရင်း တခါမှ မမှားဘူးဘူး၊ မင်းရဲ့ ကျမှကွယ် - ကြိတ်ကြံရတတ်တယ်"

ထို့နောက် ဆီဆုံကြိတ်သော ဦးချစ်မောင်တို့ အိမ်သို့ ဝင်ပြီး ခရမ်းသီး တပိဿာခွဲဘိုး တောင်းသည်။

"ဟောဗျာ . . . ဒီနေ့အမေဆုံ ဘယ်လို ဖြစ်လာတာလဲ၊ ကျုပ်ဝယ်တာ ခရမ်းသီး တပိဿာ ထဲပါဗျ၊ ငါးဆယ်သားက ဘယ်လိုပိုလာ ရပြန်တာတုံး"

သည်အခါတွင်တော့ အမေဆုံသည် သံသယဝင် လာ၏ ။ ကျောက်သင်ပုန်းကို လက်နှစ်ဖက်ဖြင့် ကိုင်ပြီး သေချာစွာကြည့်သည်။ အားမရသဖြင့် ဖျင်တဘက် အနားဖြင့် မျက်စိကို ပွတ်ပြီး သေချာကြည့်ပြန်၏ ။ နံနက်က ဦးလှကြီးတို့ ခရမ်းသီးတပိဿာ ဝယ်စဉ်က တပိဿာ၏ သင်္ကေတအဖြစ် မြွေတကောင်ကို အလောတော် အရှည်အတို စံပြု၍ မှတ်သည်။ နောက်ဆက်လက် မှတ်သော စာရင်းများ၌ နှစ်ပိဿာ ဆိုလျှင် ထိုမြွေ၏ နှစ်ဆ၊ သုံးပိဿာ ဆိုလျှင် ထိုမြွေ၏ သုံးဆ တပိဿာခွဲ ဆိုလျှင် ထိုမြွေ၏ တဆခွဲ ရေးမှတ်ခဲ့၏ ။

ပြီးခဲ့သော ရက်များတုန်းကလည်း ဤသို့ပင် မှတ်ခဲ့လေ့ ရှိသည်။ ယခုကား အမေဆုံသည် မိမိစံပြုသော မြွေကိုပင် မသင်္ကာတော့။ ၎င်းတပိဿာ၏ သင်္ကေတ မြွေသည် အနည်းငယ်တို နေသယောင်ယောင်၊ ဦးချစ်မောင်က ထပ်၍ မေး၏ ။

"ပြောပါအုံးလေ အမေဆုံရဲ့၊ ဒီနေ့ ဘယ်လိုဖြစ်လာတာလဲ"

အမေဆုံက ပါးစပ်ထဲမှ ကွမ်းသွေးများကို ထွေးချလိုက်ပြီး

လှိုက်လှိုက်လှဲလှဲ ပြုံးသည်။

"သိပါဘူးဟယ်၊ မနက်က မိုးရေရွဲတာနဲ့ ငါ့မြွေ တွေလဲ တို့တဲ့ဟာကတို ရှည်တဲ့ဟာက ရှည်ဖြစ်ကုန်ပြီ ထင်ပါရဲ့"

"တိုတဲ့ လမ်းနဲ့ ရှည်တဲ့လမ်း ဘယ်လမ်းကို ရွေးမလဲ၊ သူတော်စင်များကား ရှည်လျားတဲ့ သံသရာခရီးလမ်းကို မလိုလားကြဘူး။ ဘဝတိုတိုနဲ့သာ မဂ်ဖိုလ် နိဗ္ဗာန်ကို ရောက် လိုကြပေတယ်"

ဆရာတော်သည် ကြိမ်ကုလားထိုင်ကြီး ပေါ်တွင် ထိုင်၍ သားရေဖုံးနှင့် ကျမ်းစာအုပ် ထူထူ တအုပ်ကို ဖတ်နေရာမှ တပါးတည်း ရေရွတ်တော် မူနေ၏ ။ ထိုစဉ်ဦးလူဝ သုတ်သီးသုတ်ပျာနှင့် ကျောင်းအောက်သို့ ဝင်လာပြီး ဆရာတော်ကို ဦးချသည်။

"ဘယ်နှယ့်လဲ ဒကာဝ၊ ဒီနေ့အမတော်ကြီး ထုတ်ရာမှာ လက်မှတ်ထိုးစရာ ရှိပြန်ပြီ ထင်တယ်။ အင်း . . .တယ်လဲ အလွယ်ကြိုက်ကြသကိုး။ ခုဘဲဒကာ မောင်ရွှေသီးတော့ လေ့ကျင့်ပြီး ပြန်သွားလေရဲ့"

"မှန်ပါ၊ တပည့်တော် ဝင်လာတော့ ကျောင်းပေါက်မှာ သူပြန်လာတာနဲ့ တွေ့လိုက်ပါတယ် ဘုရား"

"သွားသွား ၊ ဦးပဥ္စင်း ပညာဝရဆီသွား၊ သူလုပ်ပေးလိမ့်မယ်"

ဆရာတော်သည် စာဆက်ဖတ်နေ၏ ။ ဦးလူဝက ခေါင်းမှ ပုဆိုးကို ပြင်၍ ဦးပညာဝရ ရှိရာသို့ သွားသည်။ဦးလူဝ၏ မိဘများကား လယ်ကူလီများ ဖြစ်ကြ၏ ။ ထို့ကြောင့် ငယ်စဉ်က သူတပါးကျောင်း နေချိန်တွင် သားငယ်အား ကျောင်းသို့ အပ်နှံ၍ စာပေသင်ကြားပေးခြင်း မပြုနိုင်ရှာကြ။ ကျောင်းထားရမည့် အရွယ်တွင် သားငယ်အား လယ်ရှင်ထံ သို့ ထွန်းစီးနွားကျောင်း ခိုင်းရန် အခနှင့်အပ်နှံ ခဲ့ရရှာကြ၏ ။ မိဘများ ဆင်းရဲသော်လည်း ဦးလူဝကား ခွန်နှင့် အားနှင့် ကြိုးစားသောကြောင့် လယ်ယာမြေဝေ ခြမ်းရေးမတိုင် မီကပင် လယ်ငါးကေခန့်ပိုင်

ဆိုင်ပြီး လယ်ကူလီဘဝမှ လွတ်မြောက်ခဲ့၏။ ယခု ဦးလူဝသည် အသက်ငါးဆယ့်ငါး နှစ်ရှိချေပြီ။ ရောင်ကိုတစောင်း အမြဲ ထုံးလေ့ရှိသည်။ ပျော်တတ်ရွှင်တတ်ပြီး လူငယ်များနှင့် ရောနှော နေတတ်သဖြင့် ဦးလူဝအား လူငယ်တိုင်းက ချစ်ခင်ကြသည်။ ထို့ပြင် ဦးလူဝသည် ခြင်းလုံးခတ်ရာ၌ လူငယ်တိုင်း၏။ ဆရာဖြစ်၏။ ဦးလူဝခပ် ငယ်ငယ်က သူ၏ ရောင် ချောကြီးကို တစောင်းထုံးပြီး ထိုးကွင်းမင်ကြောင် များပေါ်လာအောင် ပုဆိုးကို ခါးထောင်း ကျိုက်၍ ခြင်းခတ် နေပြီဆိုလျှင် ရေခပ်ဆင်းသော လုံမပျိုများပင် ရပ်၍ ကြည့်နေရသည်ဟု ဆိုစမှတ် ရှိ၏။ ယနေ့ကား နှောပင် ကုန်းရွာတွင် အမတော်ကြေး ငွေထုတ်ချေး သောနေ့ဖြစ်၏။ ဤသို့သော နေ့မျိုးတွင် ဦးရွှေသီးနှင့် ဦးလူဝတို့ နှစ်ယောက် သည် အတူ တွဲ၍ သော်လည်း ကောင်း၊ တယောက် ချင်သော်လည်းကောင်း ကျောင်းသို့ လာမြဲပင်။ လာရခြင်း အကြောင်းကား ဤသို့တည်း။ အမတော်ကြေး ငွေထုတ်ရာတွင် ငွေရရှိကြောင်း ချေးယူသူက လက်မှတ်ထိုးရ၏။ ဤသို့နေ့ မျိုးတွင် ပရိသတ် ဗိုလ်ပုံအလယ်၌ မြို့မှလာသော သက်ဆိုင်ပုဂ္ဂိုလ်က . . . .

“စာတတ်သလား” ဟုမေးသည်ကို . . .

“စာတတ်ပါဘူးခင်ဗျ” ဟူ၍ သေးသိမ်သောအသံ နှင့် ဖြေရမည်ကို သူတို့နှစ်ယောက် အလွန်ရှက်၏။

“ကဲ . . .ကဲ . . .မတတ်ရင် ဒီနေရာမှာ ကြက်ခြေခတ်လိုက်” တဲ့ အပြောခံရမည်ကို လည်း ရှုံ့၏။ မိမိရှေ့မှ ညီအရွယ်သား အရွယ်လေးများက ကိုယ့်အမည်ကိုယ် လက်မှတ်ထိုးသွား ကြပြီး မိမိက တုန်ယင်သော လက်ဖြင့် ဖောင်တိန်ကို ကိုင်ကာ ကန့်လန့်ဖြတ်မျဉ်း ၂ - ကြောင်းခြစ်၍ ကြက်ခြေခတ်ရမှာကိုလည်း အလွန်အမင်း ကြောက်လှသည်။

ထို့ကြောင့်ပင် ဦးလူဝနှင့် ဦးရွှေသီး တို့နှစ်ဦး တိုင်ပင်၍ နည်းသစ်နည်းဆန်း တစ်ခု ထွင်ခဲ့ကြ၏။ အဆိုပါတီထွင် ထားသော နည်းကား လက်မှတ်ထိုးရန် ကိစ္စရှိသော နေ့တွင် ဘုန်းတော်ကြီးက ဒါယကာ၏ အမည်ကို

အိမ်ရိုက်သံ တချောင်းဖြင့် ကျောက်သင် ပုန်း၌ အရာထင်အောင် ခြစ်၍ ရေးပေး၏ ။ ဥပမာ ဦးလူဝဟု ဆိုပါစို့။

ဘုန်းကြီးက သံချောင်းဖြင့် ကျောက်သင်ပုန်း၌ "လူဝ" ဟူ၍ ပီပီသသ ခြစ်ရေးပေးလိုက်၏ ။ အဆိုပါစာလုံးကို သံချောင်းရာအတိုင်း ဦးလူဝ ကလိုက်၍ ထပ်ရေး၏ ။ လက်အံသေလောက် အောင် အထပ်ထပ် လေ့ကျင့်သည် ။ ကျေနပ်လောက်အောင် လေ့ကျင့်လိုက်သောအခါ ပရိသတ်အလယ် ငွေချေးရာ၌ မိမိအမည်ကို မိမိရေးနိုင်သွား၏ ။ တနည်းအားဖြင့် ဆိုသော လက်မှတ်ထိုးနိုင်သွား၏ ။ ကြက်ခြေမခတ် ရတော့။ မျက်နှာမငယ်တော့၊ တပွဲတိုးနည်းပင်ဖြစ် သော်လည်း ဤနည်းဖြင့် အဆင်ပြေခဲ့သော နှစ်မှာ မနည်းတော့ပေ။

ယနေ့လည်း ဦးလူဝ တယောက် ကျောင်းသို့ရောက် ရပြန်ချေပြီ။ ဦးရွှေသီး သည်လည်း ဦးလူဝ နှင့်မရှည်မနှောင်းပင် ပြန်သွား၏ ။ သူကား ယနေ့အဖို့ လက်မှတ် ရေးနိုင်သူဘဝသို့ မိမိအရင် စောစွာ ကူးပြောင်းသွားချေပြီတည်း။

ဦးပဥ္စင်းဦးပညာဝရသည် ဦးလူဝကို မြင်ကာမတ္တာဤမျှ နှင့်ပင် အသက်ကိစ္စနှင့် လာကြောင်း ကြိုတင်သိနှင့်၏ ။

"လာ -လာ - ဒကာကြီး . . .ဦးရွှေသီးတော့ ခုနကတင်ဘဲ ပြန်သွားတယ်"

ဦးပညာဝရသည် အစောက သံချောင်းဖြင့် ရွှေသီးဟု ရေးခြစ်ထားသော ကျောက်သင်ပုန်း ကိုဟူ၍ တဖက်သို့ လှန်လိုက်၏ ။

"မြို့ကငွေပေးမယ့် ပုဂ္ဂိုလ် တွေရောက်ကြပြီးလား ဒကာကြီး၊ ဘာနဲ့ လာကြသလဲ ကားနဲ့ဘဲလား"

"မှန်လှပါ မရောက်သေးပါ ဘုရား၊ သူကြီးက သူ့လူတွေ အကြိုလွှတ် လိုက်တာတော့ တွေ့ကမိပါတယ် ဘုရား"

ဦးပညာဝရသည် သံချောင်းဖြင့် ဦးလူဝ၏ အမည်ကို ကျောက်သင်ပုန်းတွင် ထင်ထင်ရေးခြစ် ပေး၏ ။ စာလုံးလေးများမှာ ဝိုင်းစက်နေသည်။ ထိုအခိုက်တွင် ကျောင်းသားငယ် တယောက်က ဦးပဥ္စင်းကိုလာ၍ ဦးတိုက်၏ ။

ဦးပဥ္စင်းဘုရား၊ သင်္ကန်းတွေ ဆေးဆိုးဖို့ ပြုတ်ထားတဲ့ ရေနွေးအိုးကြီး ဆူနေပြီဘုရား”

“ဟာ . . .ဟုတ်သားဘဲ၊ မေ့နေလိုက်တာ”

ဦးပဥ္စင်းသည် ယခုမှ သတိရဟန်ဖြင့် ကေသီးကို ကပျာကရာပြင် ၍ ရုံ၏ ။ ကိုင်ထားသော ကျောက်သင်ပုန်းကို ဦးလူဝအား ကမ်းပေးလိုက်ရင်း . . . .

“ကဲ . . . ကဲ . . .ဒကာကြီး ခါတိုင်းလိုဘဲ ကျင့်ပေါ့၊ ဦးပဥ္စင်း သင်္ကန်းတွေ ပြုတ်ထားတာ သွားကြည့်အုံးမှ၊ တော်ကြာ အကုန်ပျက်စီး ကုန်လိမ့်မယ်”

“မှန်ပါဘုရား”

ဦးလူဝသည် ကျောက်တံတချောင်းဖြင့် ဝိုင်းစက် သောစာလုံး လေးများကို စိတ်ရှည်လက်ရှည် ထပ်ရေး နေသည်။ ဆယ်ခါ - ဆယ့်ငါးခါ - အခါနှစ်ဆယ် - အခါသုံးဆယ် - အခါလေးဆယ် - အခါငါးဆယ် ။ စိတ်ကျေနပ် လောက်သောအခါ အောက်နားတွင် အလွတ် ရေးကြည့်သည်။

မိမိအလွတ်ရသော စာလုံးလေး များသည် အထက်မှ သံချောင်းရာ စာလုံးလေးများ နှယ်ပင် ဝိုင်းဝိုင်းစက်စက်၊ ပိပိရိရိ၊ သေသေ သပ်သပ်၊ စိတ်ထဲတွင် ပျော်သွားသည်။ ပီတိလွှမ်းသော မနော ဖြင့် ငွေချေးရာ သို့ ထွက်ခဲ့၏ ။ ငွေချေးအဖွဲ့ ရောက်နေပြီ။ ရွာသားတွေလည်း ကြိတ်ကြိတ် တိုးနေကြချေပြီ။ အမည် ခေါ်လိုက်တိုင်း တဦးပြီးတဦး လက်မှတ်ထိုး၍ ငွေယူနေကြ၏ ။

“ဦးလူဝ”

မိမိအမည် ကိုခေါ်သံကြားရ၏။ ကိုယ့်အလှည့်သို့ ရောက်ပေမင့်ကိုး။

"စာတတ်သလား လက်မှတ်ထိုးသလား"

ဦးလူဝက ခပ်သွက်သွက် ခေါင်းညိတ်လိုက်၏။

"ဒါဖြင့် ဒီနေရာမှာထိုး"

"ဒါဖြင့် ဒီနေရာမှာထိုး"

ဦးလူဝသည် တုန်ယင်ခြင်း မရှိ။ မိမိကိုယ်ကိုယုံကြည် မှုဖြင့် ဖေါင်တိန်ကိုယူပြီး ညွှန်ပြသော နေရာတွင် ရဲရင့် စွာပင်လယ် လက်မှတ်ထိုးချလိုက်၏။ အလှည့် မကျသေးသဖြင့် ဘေးမှရပ်စောင့် နေသော ရွာသားအချို့ ကဦးလူဝ လက်မှတ်ထိုးသည်ကို သေချာစွာ ကြည့်နေကြသည်။

ဤတွင် အာမေဋိတ်သံများ ဟိုမှ သည်မှ ကျည်ကျည် ကျာကျာ ပေါ်ထွက်လာခဲ့၏။

"ဟ . . .ဟ . . အလို ဘယ်နှာတုံးဟ၊ ဟောဒီမှာ ဦးလူဝ လက်မှတ်ထိုးတာက ရွှေထီးတဲ့ဟေ့၊ မဆီမဆိုင် ဦးလူဝထိုးတဲ့ လက်မှတ်က ရွှေထီးတဲ့ဟ"

ရွှေထီးရွှေနန်း ဖြစ်သော စပါးတို့ကို ဧီးတောရွာမှ လယ်သမား များရိတ်သိမ်းရောင်း ချပြီး ကြသဖြင့် ရှုလေရာတိုင်းတွင် ရိုးဖြတ်ငုတ်တိုများကိုသာ မြင်တွေ့နေရ၏။

နွေဦးပေါက်လေပြီ။

ဘသာဖြိုးသည် ဘယ်လက်မောင်း ကို ပင့်မြှောက်၍ အကျႋကို နမ်းကြည့်၏။ တဖန်ညာလက်မောင်း ကိုပင့်မြှောက်ပြီး အကျႋကို နမ်းပြန်သည်။ ထို့နောက် ချိုင်းနေရာ ကိုငုံ့ပြီး နမ်းကြည့်ပြန်၏။ နှာခေါင်းကို ရှုံ့လိုက်သည်။

"ဟင်း . . .ချွေးစော် နံလိုက်တာ ထွီအကျႋလျှော် ပါဆိုတာ မလျှော်ကြဘူး၊

အကျႌတထည်ကို ငါက ဘယ်နှစ်ရက်တောင် ဝတ်ရမှာ တုံးဟ”

ထို့နောက်ဒေါသဖြင့် ဝတ်ထားသော ဖျင်အကျႌ ကိုချွတ်ပြီး ခြေရင်းသို့လွှင့်ပစ်သည်။ အကျႌကို ချွတ်ပြီး ခြေရင်းသို့လွှင့်ပစ်သည်။ အကျႌမပါဗလာကိုယ်တည်း ဖြင့် အရွဲ့တိုက်ပြီး ထိုင်နေ၏ ။ အရွယ်ခြောက်ဆယ် ပြည့်ပြီ ဖြစ်ရကား ဘသာဖြိုး ရင်ပတ်မှ အရေပြားသည် နေလောင်ထားသော သရက်သီး နှယ်တွန့်ရှုံ့ချပ်ကပ်နေ၏ ။

မနေသာသော သမီးဖြစ်သူ မအေးတင်က အကျႌတထည်ကို ယူလာ၍ ပေး၏ ။

“ရော့အဘ . . .ချွေးငုပ်သွားလိမ့်မယ် ဝတ်ထား၊ အခုအဘချွတ် ပစ်လိုက်တဲ့ အကျႌလဲ တနေ့ကမှလျှော် ထားတာပါ၊ အဘဝတ်ထားတာ နှစ်ရက်ဘဲ ရှိပါသေးတယ်။ နွေခါ ဆိုတော့ ချွေးထွက်လွန်လို့ နံတာပါ”

မအေးတင်က စိတ်တို နေသော ဖခင်အားအကျႌကို တယုတယ ဝတ်ပေး၏ ။ ကြယ်သီးများလည်း တပ်ပေးသည်။ ဤတွင်မှ ဘသာဖြိုးသည် စိတ်ဆိုးပြေပြီး မျက်နှာ ကြည်သာလာ၏ ။ ဘသာဖြိုးကား အလွန်အသန့်အရှင်း ကြိုက်သည်။ ဇီးတော တရွာလုံးတွင် လယ်ယာလုပ်ကိုင် သူသာများသော်လည်း ဘသာဖြိုးကား လယ်သမားမဟုတ်။ လယ်ယာ မလုပ်ဖူးချေ။ ငယ်စဉ်ကမူ ဘသာဖြိုးသည် ဇီးတောရွာ၌ လက်သမား ဆရာအကျော် ဖြစ်၏ ။

ထို့ကြောင့် ရွှံ့ထဲ ရေထဲတွင် နွားနှင့်ဖက်ပြီး မရုန်းခဲ့ဘူး၍ လား မဆိုနိုင်။ အသန့်ကြိုက်လှ၏ ။ အိမ်၏ ကြမ်းပြင် ပေါ်တွင်ပင် ဖိနပ်စီးသည်။ အိမ်ပေါ် စီးသော ဖိနပ်ကတရံ၊ မြေကြီးပေါ် တင်စီးသော ဖိနပ်က သတ်သတ် တရံ၊ ဖိနပ် ၂-ရံထား ပေးရ၏ ။ အသက်ခြောက်ဆယ် ပြည့်ပြီမို့ ဘသာဖြိုး သည်နားငယ်မျှတော့ မှုန်သည်။ အိမ်ပြင်ထွက် လျှင်ထီးရိုးဝါးတောင်ဝှေးကို ဆောင်တတ်၏ ။ လက်ယာဖက် လက်ကောက်ဝတ်တွင် နက်ပြောင် နေသောပုတီးစေ့ များနှင့် သားရိုးဂုဏ်တော်ပုတီး

တကုံးကို အမြဲစွပ်ထား၏။ ဘသာဖြိုးသည် ရွာရေး ရပ်မှု၌ ဝါသနာပါ၏။ အလှူမင်္ဂလာ ဆောက်ရာတွင် ကိုယ်တိုင် ဝင်ရောက် မလုပ်ကိုင်နိုင်တော့ သော်လည်း အတယ် ပုံဆောက်သင့်သည် ဟူ၍ ဗိသုကာ မျက်စိဖြင့် နည်းလမ်းညွှန် ပြတတ်၏။ ကျွေးရုံအနီးမှာ ချက်ရာပြုတ်ရာ တွင်လည်း ဝင်ရောက်စီမံတတ်၏။

“အဘရယ် အိုကြီးအိုမကျမှ မီးဖိုထဲ လဲနေပါအုံး မယ်၊ လူငယ်တွေ သူတို့ဟာသူတို့ ချက်ပါလိမ့်မယ်”

ဟု သမီးဖြစ်သူက စိုးရိမ်ကြောင့် ကြသဖြင့် ပြောသည်။

“ဘာဖြစ်လို့ လဲရမှာတုံး၊ ငါ့များဆိုပြီ မှတ်လို့ လား၊ လူငယ်တွေချည်း ပစ်ထားလို့ ဖြစ်မလားဟ၊ သင်းတို့က ချက်တတ်တာမှတ်လို့၊ အိမ်မှာလဲ ငါမပြောချင်လို့ နေတာ၊ ဟဲ့- အေးတင်၊ နင် ချက်ပုံပြုတ်ပုံများ ငါကျေနပ်နေတယ် မှတ်သလား” ဟု ဘသာဖြိုးသည် ပြောသူဖက်သို့ လှည့်၍ မဲလာတော့၏။ အမှန်လည်း ဘသာဖြိုး စီမံသော ဟင်းသည် အရသာနှင့် ပြည့်စုံ တတ်၏။

“ဝက်သားကို အတုံးကြီးကြီးတုံး၊ ငရုတ်၊ နနွင်း၊ ကြက်သွန် သင့်အောင် ထည့်ပြီးနှပ်၊ ကျက်ပြီလား၊ ချခါနီး ပလားကြည့် ။ အဲသည်မှာ ကရဝေးလေးများ အုပ်လိုက်ရရင် အ . . .အ အလွန်ကောင်းဘဲ” စမြုံ့ပြန်သည်။ ဘသာဖြိုးသည် ဩဇာသီးမှည့်ကိုပင် သည်အကိုင်းမစား။ နို့ဆီ သကြားတို့နှင့် ကြွေပန်းကန်တချပ် ထဲတွင် ခေါက်ပြီးမှ စား၏။ သူချစ်သောမြေးငယ် အောင်ညွှန့်ကိုလည်း စားစေသည်။

“စားကွ ငါ့မြေး၊ ဒီအရသာကို ချိုဆိမ့်အီလို့ ခေါ်တယ်မှတ်ထား”

အရာရာတွင် စီမံ ခန့်ခွဲတတ်ခြင်း၊ ရပ်မှုရွာမှု၌ မနေတတ်ခြင်း တို့ကြောင့် ဘသာဖြိုးသည် ရွာသားများ အပေါ်တွင် ဩဇာရှိ၏။ သို့ရာတွင် ဘသာဖြိုး၌ ပျော့ကွက်နှစ်ကွက် နှစ်ခုရှိ၏။ ယင်းတို့ကား မိမိအား ညစ်ပတ်သည် ဟုပြောလျှင် မကြိုက်ခြင်းနှင့် မိမိစာမတတ် သည်ကို လူသိမှာ စိုးခြင်းတို့တည်း။

"အဘရေ . . .အဘအိမ်ရာမှာ ကြမ်းပိုးတွေ အများ ကြီးဘဲ " ဟု သမီးကပြောလျှင် . . . .

"ဘယ်ကလာ ကြမ်းပိုး ရှိရမှာလဲ၊ ငါ့အိပ်ရာမှာ ဘယ်တုန်းကမှ ကြမ်းပိုး မရှိဖူးဘူး၊ နင်တို့ဆီကကူး တာနေမှာ " ဟု တွင်တွင်ငြင်းတတ်၏။ ထို့ပြင် ဘသာဖြိုးငယ်စဉ်က မိဘများစားနိုင် သောက်နိုင် ပစ္စည်းရှိ သော်လည်း ကျောင်းထားချိန်တွင် ဘသာဖြိုးလေး၌ ကျောက်ကြီး ပေါက်သဖြင့် ကျောင်းမနေခဲ့ရ။

သို့ရာတွင် ဘသာဖြိုးသည် မိမိအား စာမတတ်ဟု ဘယ်တော့မှ မပြော၊ ဘယ်သူ့ကိုမှ လည်းမပြော ၊ယုတ်စွအဆုံး သမီးနှင့် သားမက် ကိုပင် မိမိစာမတတ်ကြောင်း ဝန်မခံပေ။ စတစောင် ရောက်လာလျှင် သော်လည်း ကောင်း၊ စာအုပ်တအုပ်ကို တွေ့၍ အကြောင်းအရာ ကိုသိလိုလျှင်လည်းကောင်း ဘသာဖြိုးသည် ရှေးဦးစွာ အကျႌအိတ်မှ ကြေးဝါကိုင်းနှင့် စာကြည့်မျက်မှန် ကိုထုတ်ပြီး တပ်ဆင်၏ ။ စာအုပ်ကို ဖွင့်ကိုင်ပြီး တချက်ကြည့်သည်။ မျက်မှန်အနီးသို့ ကပ်၍ ကြည့်၏ ။ တဖန် စာအုပ်ကို နောက်သို့ အနည်းငယ် ဆုတ်ရွှေ့လိုက်ပြီး ကြည့်ပြန်၏ ။ ဤသို့ကြည့်ပြီးမှ မျက်စိများကို တအားမှိတ်လိုက်သည်။ စိတ်မရှည်ဟန်ဖြင့် မျက်မှန်ကို ယာလက်တဖက် တည်းဖြင့် ဆွဲချွတ်လိုက်ရင်း . . .

"ဘာမှ စာလုံးကို မကွဲတော့ဘူး၊ အင်း . . .ဇရာရဲ့ ဒဏ်ကို ခံရပြီး ဟဲ့ . . . ဟဲ့ . . .ခင်မောင်၊ လာပြီး ဖတ်ပြစမ်း "

ဟုသားမက်ကို ဖတ်ခိုင်းတတ်၏ ။ အမှန်က ဘသာဖြိုးသည် ရံဖန်ရံခါ သမီးဖြစ်သူ ဆန်ရွေးနေရာ၌ ပင် သူ့မြေးငယ် အောင်ညွန့်နှင့် တွေ့လျှင် အဘစာမတတ် ရာသော အချက်သည် တခါတရံ၌ အထင်းသားပေါ် တတ်၏ ။ အောင်ညွှန့်သည် ကျောင်းလိုက်ခါစ၊ စာသင်စ ဖြစ်၏ ။

“ကကြီးယပင့်ကျ၊ ကကြီးယပင့်ရေးချကျာ၊ ကကြီး ယပင့်လုံးကြီးတင်ကျို” ဟု အောင်ညွှန့် စာအံနေလျှင် အမှန်ကို ရွတ်အံနေပါလျက် . . .

“ဟဲ့ကောင်းလေး -ဟုတ်ရဲ့လား၊ နင့်ဟာမှားနေပြီ” ဟု အဘက ထောက်သည်။ ကလေးက

“မှန်သားဘဲ အဘိုးရဲ့ ၊ ကျူပ်အံတာ ဟုတ်ပါတယ်” ဟုပြန်ပြောမှ . . .

“ဟုတ်ရင်းအံ . . .ဟုတ်ရင်ဆက်အံ” ဟုပြောတတ်သည်။ ကိုခင်မောင်နှင့် မအေးတင်တို့ လင်မယားကား အဘမမြင်အောင် တယောက်ကို တယောက်ကြည့်၍ ပြုံးနေမိကြသည်။

တရက်တွင်ကား အေးငြိမ်းရွာမှ ရွှေကူနီးဘုရား ကြီးပွဲပြင်ရန် အလှူခံများ အိမ်ရှေ့သို့ ရောက်လာ၏ ။ တရွာမှလာသော ထိုအလှူခံဖွဲ့သည် ပိတ်ဖြူဝတ်စုံ ကိုဝတ်ဆင်ထားကြပြီး ငွေဖက်လားကြီး များကိုလည်း ပိုက်ထားကြ၏ ။

သူတို့နောက်မှ ဗုံရှည်ဆိုင်းအဖွဲ့က လည်း ဆူညံစွာ တီးမှုတ်လာကြသည်။

“အဘို . . .အလှူခံ တွေလာတယ်၊ ပိုက်ဆံထည့် မယ် - ပိုက်ဆံသွားထည့်မယ်”

မြေးငယ် အောင်ညွှန့်သည် ဆိုင်းသံဗုံသံ ကြားသဖြင့် မြူးနေ၏ ။ ထိုအချိန်က သမီးနှင့်သားမက် သည်အမြောက်ပိုင်း သို့သွားနေ၏ ။ ဘသာဖြိုးသည် အိတ်ထဲ၌ အသင့်တွေ့သော ငါးပြားစေ့ တစေ့ကို မြေးငယ်အား ပေး၍ အလှူငွေအဖြစ် သွားရောက်ထည့်စေ ၏ ။ အောင်ညွှန့်သည် ဝမ်းသာအားရ ပြေးထွက်သွား ပြီးငွေဖလားကြီးထဲသို့ ပိုက်ဆံ ငါးပြားစေ့ကို “ချွင်” ကနဲ မြည်အောင် ထည့်သည်။ အလှူခံပုဂ္ဂိုလ် လက်ထဲမှ ငွေဖလားကို အကြွေသံများ တဂျွမ်းဂျွမ်း

မြည်အောင် ဆက်လှုပ်လိုက်ရင်း ဆုပေး၏။ ထို့နောက် “ရှေကူနီ ဘုရားသမိုင်” ကို အကျဉ်းချုပ်ရိုက် နှိပ်ထားသည့် လက်ကမ်းကြော်ငြာ စာရွက်ကို မြှောက်ကိုင်ရင်း အိမ်ထဲသို့ ခုန်ပေါက်ပြေး ဝင်လာသည်။

“အဘိုး ဖတ်ပြစမ်းပါ၊ ဒီစာရွက်ထဲမှာ ဘာတွေ ရေးထားတာလဲဟင်”

ဘသာဖြိုးသည် အကျႌအိတ်ထဲမှ ကြေးဝါကိုင်း မျက်မှန်ကို ထုတ်၍ တပ်ဆင်ရပြန်၏။ စာရွက်ကို ဖြန့်၍ ကိုင်သည်။

“ဖတ်ပြပါဘိုးရဲ့၊ မြန်မြန် ဖတ်ပြစမ်းပါ၊ နားထောင်ချင်လှပြီး ”

ရော - ခက်ချေပြီ၊ သည်အခါကား စစ်ကူတောင်းရ မည့်သားမက် ကလည်း အိမ်တွင် မရှိ။ အိမ်ကြီးတခုလုံး ၌ လူမမယ် မြေးငယ်နှင့် မိမိသာ ရှိ၏။ မြေးကလည်း သူရလာသော စာရွက်ကို အလွန်ဖက်ပြစေချင် နေသည်။ အလွန်သိချင်နေသည်။

ဘသာဖြိုးသည် ဘုရားသမိုင်း စာရွက်ကို မျက်မှန်အနီးသို့ သေချာ ကပ်၍ ကြည့်၏။ ထို့နောက်မြေးငယ် ကြားအောင် စာလုံးတလုံးချင်း ပြိပြိသသဖတ်ပြသည်။

ဘသာဖြိုး ဖတ်ပြလိုက်ပုံကား . . . .

“ပိုက် . . .ဆံ . . ငါ . . .ပြား . . .ရ . . .ပါ . . . သည် ” ဟူသတည်း”

ကျေးရွာများ၌ အသုံးလုံး အခြေစိုက်စခန်း များဖွင့်လှစ် သင်ကြားပေးခဲ့ ပြီးနောက် ရာသီဥတု သာယာသော နေ့တနေ့တွင် . . . .

အေးငြိမ်ရွာမှ အမေဆုံသည် သီတင်းကျွတ်ဆွမ်းကြီး လောင်းပွဲအတွက် ကုသိုလ်ရှင်များ အမည်နှင့် လှူဖွယ်ပစ္စည်း စာရင်းများကို အက္ခရာဏန်းတို့ဖြင့် သေချာစွာ ရေးမှတ်တွက် ချက်လျက်ရှိ၏။

ထိုအချိန်မှာပင် နှောပင်ကုန်းရွာမှ ဦးလူဝသည်

“ခြင်းလုံးခတ်ခြင်းအကြောင်း ” စာအုပ်တအုပ်ကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေပြီး ဧီးတောရွာမှ ဘသာဖြိုးသည် မိမိနှုတ်တိုက် ရထားဘူးသော ထောပတ်ထမင်း ချက်နည်းတခုကို မြေးငယ်အား ရေးသားပေးလျက် ရှိပါသည်ဟု ဆိုလျှင် တိုက်ဆိုင်လွန်းလှသည် ဟူ၍ များ ဆိုင်ကြလေမည်လား . . .။

**ငွေတာရီ နို့ဝင်ဘာ ၊၁၉၇၀**

* *

# မြစ်ပြင်ကျယ်ထဲ ဝမ်းဘဲတကောင်

## (၁)

ဘသာဖြိုး အနေနှင့် နှမ်းလေး ၊ ပဲလေးက လည်း ရတုန်း ဆန်လေး စပါးလေးကလည်း ပုတ်ထဲမှာ ရှိတုန်းမို့ ဦးရာကျော်တို့ တမိသားလုံး ဘာမျှ မပူပင်စေရ။ ဆီဆိုလျှင် ဆယ်ဝင်းစဉ့်အိုးနှင့် တည်ပေးထား၏ ။ ချက်ရေး ပြုတ်ရေး၌ လည်း ဦးရာကျော်၏ ဇနီး ဒေါ်သူဇာကား စဖိုချောင်ထဲသို့ ဝင်သည်ဆိုရုံ လောက်သာပင်။

အစစကို မမယ်ရီက တာဝန်ယူချက် ပြုတ်ပေး၏ ။ ညရေး ညတာအတွက်လည်း ဦးရာကျော်တို့ တတွေကို အိမ်ဦးခန်းမှာ ချမ်းသာစွာ အိပ်စက်ကြစေ၏ ။ ဘသာဖြိုးက ငှက်ကြီးအောင် ဓါးရှည်တလက်နှင့် အိပ်ဖန်စောင့် ပေး၏ ။ တစိုးတစိမျှ မငြိုငြင်စေရ။

သူတို့ခမျာ ဆန်စက်ရော၊ တိုက်ရော ရှိသမျှ စည်းစိမ်တွေ မြို့မှာ အကုန်ပစ် ထားခဲ့ပြီး ကစဉ့်ကလျား အခုလို တောသို့ လာရောက် ခိုလှုံနေချိန်၌ မိမိအနေ နှင့်စောင့်ရှောက်ရမည် ဝတ္တရားက ရှိနေပေသကိုး။

စပ်ပြီး၍ အေးချမ်းသွားသော အခါတွင်ကား ဦးရာကျော် တို့သည် မြို့သို့ပြန်၏ ။ သူ၏ မူလလုပ်ငန်း ဖြစ်သော ဆန်စက်လုပ်ငန်းကို ပြန်လည်လုပ်ကိုင်၏ ။

ဘသာဖြိုးသည်ကား အေးငြိမ်းရွာတွင် မိမိလယ်ကို မိမိလုပ်နေရသည်။ နွားအိုနောက်သား ဟု ဆိုရမည်လားမသိ၊ သားသမီး တကျိပ်နီးပါး မွေးခဲ့ရာတွင် တယောက်မျှ အဖတ်မတင်သော မယ်ရီသည် သွေးဆုံးခါနီး မှ သားလေးတယောက် မွေးဖွားပြီး အဖတ်တင်ရှင်သန် ခဲ့သည်။ ထိုသားလေး ကိုးနှစ်သား အရွယ်

ယမန်နှစ်က ဦးရာကျော်တယောက် အေးငြိမ်းသို့ ရောက်လာသည်။ လာရခြင်း အကြောင်းက တော့ ဘသာဖြိုးတို့ မိသားစုကို မြို့သို့လာနေရန် ခေါ်ခြင်းပေတည်း။

စက်ပိုင်သူဌေး ကိုယ်တိုင် တကူတကန့် လာခေါ်ပြန်တော့လည်း ဘသာဖြိုး အနေနှင့် ငြင်းရန်ခက်လှ၏ ။ ဦးရာကျော်က မြို့၏ စည်ပင်ပုံ၊ ခင်းနားပုံ၊ လိုလေသေး မရှိပုံစသည့် စည်းစိမ်တို့ကို တော၏ နံချာပုံ၊ ဆင်းရဲပုံ၊ မွဲငတ်ပုံတို့နှင့် တရားပြသည်။ ဘသာ ဖြိုး ငေးငိုင်လာသည်။

“လိုက်တော့ အလိုက်ချင်သား ကိုရင်ရ၊ ဒါပေမယ့် ဟောဒီသားလေး မောင်အောင်ခက် ရှိနေပြန်တယ်။ သားသမီး တကျိပ်နီးပါးမှာ သူတယောက် အဖတ်တင်တာမို့ ဒီခလေးက ကျုပ်တို့ လည်ဆွဲဗျ။ သူက ရွာမူလတန်းကျောင်းမှာ တတိယတန်းတောင် ရောက်နေပြီ၊ ဉာဏ်ကလဲ ကောင်းလိုက်တာ လွန်ပါရော၊ ခြသေ့် တံဆိပ် ဖတ်စာ တအုပ်လုံး ဒေါင်းဒေါင်း ပြေးနေအောင် ဖတ်နိုင်တာ၊ ကျုပ်တို့ မြို့ကို ပြောင်းရင် ဒီခလေး ပညာသင်ပျက်မှာ စိုးရိမ်တယ် ကိုရင်ရော“

ဘသာဖြိုး၏ စကားကို ကြားရသောအခါ ဦးရာကျော်က ဟက်ဟက်ပက်ပက် ရယ်၏ ။

“အောင်မယ်လေ . . .ရိုးမှရိုးရှာလေ ကိုရင်သာ ဖြိုးရာ၊ မြို့မှာ ဆိုရင် ခင်ဗျားသားကို ပိုပြီး နံမယ်ကြီး တဲ့ကျောင်း၊ အဆင်အပြ ကောင်းတဲ့ ကျောင်းတွေမှာ ထားနိုင်တာပေါ့ဗျ။ တတ်နိုင်ရန် မနက်ရော ညရောကျူရှင် တောင် ယူနိုင်သေးတယ်”

ဦးရာကျော် စကားထဲမှ ကျူရှင် ဆိုတာကြီးကို နားမလည်ပေမင့် သားအတွက် ပိုကောင်းသည်။ ပိုပြီးပညာ တတ်မည်ဆိုလျှင်ဖြင့် ဖင့်နွဲ့လေးကန်နေစရာ မလို။ ဦးရာကျော်ခေါ် ရာသို့ သသာဖြိုးသည် မဆိုင်းမတွပင် လိုက်ရန်ပြင်ခဲ့၏ ။

အဆင်သင့်ချင်တော့ ဦးရာကျော်တို့ စက်မှာက ဒရဝမ်တယောက်

လစ်လပ်နေပြန် သတဲ့။ လစ်လပ်သည် ဆိုသဟာကလည်း သည်လိုပါ။ ဒရဝမ်ဟောင်း သည် လုံးဝမယုံကြည်ရ။ စက်မှ ဖွဲ၊ ဆန်ကွဲတို့ကို ခိုးယူရောင်းစားသည်။ ထို့ကြောင့် ဦးရာကျော် က ဘသာဖြိုးအား လာမခေါ်မီ တပတ်ခန့်ကပင် ဒရဝမ်ဟောင်းအား အလုပ်မှ ထုတ်ပစ်ခဲ့ခြင်း ဖြစ်သည်။

အဆင်သင့်လေစွ။ ဘသာဖြိုးအတွက် အိမ်လည်း ဆင်သင့်၊ အလုပ်လည်း အဆင်သင့်၊ ကိုရာကျော်တို့ ကျေးဇူးသိတတ်လိုက် ပုံများတော့ ဘသာဖြိုးအတွက် ဘာမျှ မပူမပင် ရလေအောင် နေရာချ ပေးထားခဲ့၏ ။

နောက်ဖေးမှ အစေခံတန်းလျားသည် ပျဉ်ထောင် ပျဉ်ခင်းမို့ သပ်ရပ်လှ၏ ။ မယ်ရီကလည်း အားအားရှိလျှင် ပုဆိုးစုတ်တခုနှင့် ကြမ်းကိုသာ တိုက်နေသည် ဖြစ်၍ ပြောင်လက်နေသည်။ အစေခံ တန်းလျားဆို ပေမယ့် ပြောင်လက်နေသည်။ အစေခံ တန်းလျားဆိုပေမယ့် ရွာက ထရံကာ သက်ငယ်မိုး အိမ်ထက်တော့ နှစ်ပြန်သုံးပြန်တောင်းနေ၏ ။

ရွာမှာ ရေနံ့ဆီမီးခွက် ကလေးမှိတ်တုတ်နှင့် နေခဲ့ရပေမယ့် ယခုတော့ ထိန်ထိန်ညီးညီး လျှပ်စစ်မီးနှင့် နေနေရ၏ ။ အိပ်ဖို့အတွက် ခုတင် တလုံးလည်း ပေးထားသေးသည်။ ကျွန်းသားစာပွဲ တလုံးနှင့် ကုလားထိုင် တလုံးလည်း ဘသာဖြိုးတို့ မရောက်ခင်ကတည်းက ရှိနှင့်သည်။ ရွာမှာတုန်းက ကြက်သံကို ဗဟိုပြုနေရပေမယ့် ယခုကား ဆန်စက်ကို စောင့်ရင်း နာရီသံချောင်း ကို ကိုယ်တိုင်ခေါက် နေရသည်မို့ တိုင်ကပ်နာရီကြီးမှ ရောမ ဂဏန်း များကိုတောင် ကြည့်တတ်နေပေပြီ။ မနေ့က သာညံ့တို့နှင့် ဈေးမှာ တွေ့တုန်းကတောင် ပြောရသေး၏ ။

“ဟေ့ကောင်တွေ၊ နက်ဖန်အိမ်ကို လာပြီး ကာဖီသောက်လှဲ့ အုံးကွ။ ဆယ်နာရီလေးဆယ့် ငါးမိနစ် လောက်လာခဲ့ရင် ငါအားပါတယ်”

“အောင်မယ်လေး . . . .နာရီတွေ နာရက်တွေ လုပ်မနေစမ်းပါနဲ့

ဘကြီးဖြိုးရာ၊ နေ့ဆွမ်းစားပြီး လောက်လာခဲ့ဆိုလဲ ပြီးတာဘဲ”ဟု သာညံ့က ပြန်ပြောမြစ်ပြင်ကျယ်ထဲ ဝမ်းဘဲတကောင် ဖြစ်သွား၏။ အင်း လူငယ်ဆိုပေမယ့် သာညံ့တို့လူသိုက်သည် ဘသာဖြိုးထက် အများကြီး ခေတ်နောက်ကျကျန်ရစ်ခဲ့ချေပြီ။

တကယ်တော့ ဒါတွေအားလုံးဟာ သူဌေးဦးရာ ကျော်၏ ကျေးဇူးတွေသာတည်း ထို့ကြောင့် ညစဉ် ညစဉ် ဘုရားဝတ်ပြု၊ အန္တရာယ်ကင်း ပရိတ်ရွတ်၊ ပဟေတုပစ္စယောနှင့် စည်းချပြီး ၍ မေတ္တာပို့ တိုင်းဦးရာကျော်အတွက် အထူးတလည် ဆုတောင်း မေတ္တာပို့ သရသေး၏ ။

“အဟမ်း . . . အဟမ်း . . .ကျေးဇူးရှင် မောင်မင်းကြီး သားဦးရာကျော် တယောက် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လန်းဖြာပါစေ၊ ဝမ်းသာပါစေ၊ စိတ်အကြံ မြောက်ပါစေ၊ အမိဋ္ဌာန်ပေါက် ပါစေ၊ နိဗ္ဗာန် ရောက်ပါစေ”

* *

## (၂)

“ဟ . . .ဒီစာပွဲပေါ်မှာ အစင်းတွေ ထင်နေပြန်ပါပြီ လား၊ ဒုက္ခပါဘဲဟာ ”

အရောင်တင်ဆေးကြောင့် ဝင်းဝင်းလက်နေသော ကျွန်းသားစာပွဲကြီးတွင် ခြစ်ရာအစင်း ကြီး များက အကြည့်တန်စွာ ပေါ်လွင်နေ၏ ။ မယ်ရီ ငယ်ငယ်က လိမ်းပြီး သနပ်ခါး မခြောက်ခင် ပါးပြင်ကို အသားဘီးဖြင့် ခြစ်ထားဘိသို့ ရှိတော့၏ ။ မယ်ရီပါးမှ သနပ်ခါးဘီး ခြစ်ရာက တောသူသဘာဝ ၊ မိန်းမသား သဘောဝမို့ ကြည့်ကောင်းသော်လည်း သည်ကျွန်းသား စာကလေးမျှ ကြည့်မကောင်း အရုပ်ဆိုးလှ၏ ။

သည်စာပွဲသည် ဘသာဖြိုးတို့ မရောက်ခင်ကတည်းက အစေခံတန်းလျားမှာ ရှိနှင့်သော စာပွဲဖြစ်၏။ အရင်ကတော့ ဖုန်စုတ်စုတ်နှင့် စာပွဲဟောင်းတလုံး သဖွယ် ရှိခဲ့၏။ ဘသာဖြိုးက ရေဆေးပြီး ပွတ်လိုက်သပ်လိုက် အရောင်တင်လိုက် လုပ်နေ၍ ယခုကား ဖိတ်ဖိတ် လက်နေသည်။ ယင်းစားပွဲတွင် သားငယ် ထိုင်၍ ကျောင်းစာများ ကျက်နေသည်ကို မြင်တိုင်း ဘသာဖြိုး ရင်မှာ ပီတိဖြာခဲ့ရ၏ ။

"တော့်သားလေ . . . စာကျက်ရင်း ငမှူနဲ့ ဆော့တာ၊ အမှူကို နားရွက်ဆွဲလိုက် ခါးညှစ်လိုက်နဲ့ . . . .ငမှူကသူ့ ဒဏ်မခံနိုင်လို့ ဆင်းအပြေး လက်သဲနဲ့ ခြစ်မိတော့ အစင်းတွေ ထင်ကုန်တာပေ့ါ . . . . "

ဘသာဖြိုးသည် စာပွဲပေါ်မှ ကြောင်လက်သဲ ခြစ်ရာများကို ပျက်အံ့နိုးနိုးဖြင့် ပွတ်ဖျက်နေသည်။ သို့သော် အစင်းကြီးများကား လက်ဖြင့် ပွတ်လေ ပို၍ ထင်လေ။ မဖြုန်းရေးချမဖြုန်း၊ နည်းနည်းကောင်းကျက်၊ ကြောင်ကို စာပွဲပေါ်တင်ပြီး မဆော့ပါနဲ့ ဆိုနေတာ၊ တယ်ခက်တာကိုးကွ"

အောင်ခသည် ဘာမျှပြန်မပြော။ အခန်းထောင့်တွင် တင်ပလ္လင်ခွေ ထိုင်ရင်းနှုတ်ခမ်း ကို သာ စူနေသည်။ ပေါင်အထက် တွင်လည်း သူ့ကြောင် ငမှူက ဝပ်လျက်သားရှိ၏ ။ ဖခင်၏ မာန်မဲသံကို သဘောမကျ တိုင်း ကြောင်၏ ကြောမှ အမွှေးများတွင် လက်ညှိုးဖြင့် ဝလုံးရေသလို ဝိုက်ပွတ်နေ၏ ။

"စားပွဲတို့၊ ကုလားထိုင်တို့၊ အိမ်တို့၊ ဒီပစ္စည်းတွေ ဟာ သူဌေးပစ္စည်းတွေ ၊သူဌေးသဘော ကောင်း လွန်းလို့ တို့တအိမ်သားလုံး အခုလို အခန့်သား နေရတာ ၊ ဒါကိုတို့က ကျေးဇူးသိတတ်တဲ့ အခန့်သားနေရတာ ၊ ဒါကို တို့က ကျေးဇူးသိတတ်တဲ့ အခန့်သားနေရ တာ၊ ဒါကိုတို့က ကျေးဇူးသိတတ်တဲ့ အနေနဲ့ ရိုရိုသေသေကိုင်ပါဆိုတာ ပြောလို့ကို နားမထောင်ဘူး တယ်ခက်တာဘဲ"

အောင်ခကမူ ထိုင်မြဲထိုင်လျက် ဘာမျှပြန်မပြော၊ သည်တော့ လည်း

ဖခင်အနေနှင့် ဆက်လက်မဆူရက်တော့။ သနားစိတ် ဝင်လာ၏ ။ အောင်ခသည်အေး၏ ။ စာကို ကြိုးစား၏ ။ သို့ရာတွင် ခတ်သည်မှာ သူ့ပစ္စည်းမှန်း ကိုယ့်ပစ္စည်းမသိ။ မရှိသေတတ်ခြင်းပင်။

တခါတရံ အိမ်နံရံပေါ်တွင် မီးသွေးခဲနှင့် နွားရုပ်ကျွဲရုပ် တွေလျှောက်ရေးတတ်၏ ။ ရှာရှာဖွေဖွေ ဆန်စက် ဘေးရှိ ရေကန်ရိုးမှ ရွှံ့များကို ယူလာပြီး နွားရုပ်၊ လှည်းယာဉ်၊ ထွန် စသည့် တို့လုပ်တတ်၏ ။ လေးဂွနှင့် ပစ်ရန် လောက်စာလုံး များလုံးတတ်၏ ။ ပြီးတော့ ထိုမခြောက်တခြောက် ရွှံ့ရုပ်တွေကို တိုက်ချွတ်ထား သည့် ပျဉ်းခင်းကြမ်းပေါ် သို့တင်ပြန်၏ ။ ရွှံ့များကြမ်း ခင်းကို ပေကျံကုန်၍ ဆိုပြန်တော့လည်း ဘာမျှ ပြန်မပြော။ မျက်ရည် အဝိုင်းသားနှင့်သာ ထိုင်နေသဖြင့် သနားရပြန်၏ ။

သူ့ကြောင်ကလည်း တမှောင့်ပင်။

တခါတရံ အိမ်ပေါ် တွင်ချေးပါတတ်၏ ။ ကြောင် ချေးနံ့နံနေမှ ရှာပြီး သန့်ရှင်း ကြရသည်။ အိပ်ရာပေါ် အိမ်ပေါ် ချေးပါရကောင်းလားဟု ကြောင်ကို ရိုက်ပြန်လျှင်လည်း အောင်ခက မကြိုက် မျက်ရည် အဝိုင်းသားနှင့် ။

“အစကထဲက ဒီကြောင်ကို မယူခဲ့ချင်ပါနဲ့၊ မမွေးချင်ပါနဲ့ လို့ အပြောသားနဲ့ ၊ အခုတော့ စာပွဲ တစ်ခုလုံး ရစရာကို မရှိဘူး”

ဘသာဖြိုးက ရေရွတ်သည်။ ဘသာဖြိုးတို့ မြို့ကို ပြောင်းလာစဉ်က ငမှုံသည် ရွာတွင် ကျန်ရစ်ခဲ့၏ ။ ရွာကလူတွေ စက်သို့ ဆန်ကြိတ်လာ၍ လှည်း ကြုံတိုင်း အောင်ခက ကြောင်ကို ယူခဲ့ရန် တဖွဖွမှာသည်။ ဘသာဖြိုးကတော့ ကြောင်ကို မယူစေချင်။

“မောင်စို တို့တင်မေတို့ အိမ်မှာ စားနေမှာပါကွာ၊ သူ့ဟာသူ နေပါစေ” ဟုပြော သော်လည်းမရ ။ တဖွဖွသာမှာ ယူခဲ့သည်။ သူများခြံဝင်းထဲ နေစဉ် အိမ်မွေးတိရစ္ဆာန်မွေး ရသည်မှာ မလွယ်ပေ။ အိမ်ရှင်က ကြိုက်မှန်းမသိ

မကြိုက်မှန်းမသိ။ ထို့အပြင် သူဌေးမွေးထား သည့် လူခါးစောင်း ခန့်မြင့်သော ခွေးကြီး တွေ၏ အန္တရာယ် ကလည်း ရှိသေး၏ ။ တနေ့ကပင် ငမှုံ ကိုမြင်သည်နှင့် ခွေးကြီးတကောင်က ထိုး၍ လိုက်၏ ။ ငမှုံကဖတ်သန်းပင်ပေါ် တက်ပြေးသည်။

"အမယ်လေး . . . ကျုပ်သစ်ခွပင်ကလေး တွေတော့ ကုန်ပါပြီ" ဟူသော သူဌေးကတော် ဒေါ်သူဇာ၏ ရင်ဘတ်စည်တီး ညည်းသံကို ကြားရလေသည်။

တခါတရံ တော့လည်း လူရေးလူမှုကို မသိတတ်သေးသည့် အောင်ခတို့ အတွက် စိတ်မကောင်း ဖြစ်ရ၏ ။

ဘသာဖြိုးကတော့ အစအစရာရာ ရှိသေသည်။ လျှပ်စစ်မီးကိုပင် အောင်ခစာကြည့် ချိန်မှ တပါး အလကားမထွန်း ညှိရ။ ပြီးတော့အိမ်မှ ပျဉ်ထောင်များကို လည်း မကြာခဏ ရေနံချေး သုတ်သည်။ အိမ်ထောင့်တိုင်းတွင် ပင့်ကူတမျှင် မရှိစေရ။ မယ်ရီသည်လည်း အိမ်သန့်ရှင်း ရေးတွင်ကား စိတ်ချရပါ၏ ။

သို့သော် သူက စိတ်တိုတတ်သည်။ သည်းမခံတတ်။ ဆိုးမျိုးမခံတတ်။ သူ့သားကို ဆူလျှင်လည်း မကြိုက်တတ်။

တနေ့ ကမယ်ရီသည် တိုက်ကြီးပေါ်၌ ထမင်းကူချက်နေရာမှ ပန်းကန်ဆေးရင်း နှုတ်ခမ်းတွန့် ကြွေပန်းကန်တစ်ချပ် ကျကွဲသည်ဆို၏ ။ သူဌေးကတော် ဒေါ်သူဇာ ကတော့ စုတ်သပ်ရုံသာ သပ်ရှာ၏ ။ သူဌေး သမီးအငယ်မက အကိုင်အတွယ် မရှိသေရကောင်း လားဟု မယ်ရီကို အပြစ်တင်သည်။ မြည်တွန်တောက် တီးသည်။ ဒါကို မယ်ရီက သည်းခံ ရကောင်းမှန်းမသိ။ မကျေမနပ် ဖြစ်နေ၏ ။

"ဟဲ့ . . . .ပြောမှသိ . . . ထိမှနာ . . . .သာမှနေ . . . သေမှခင်၊ ဤလေးအင် လူတွင်မကျင့် ရာတဲ့ . . . .။ သူတို့မပြောခင် ကသိမှပေ့ါ၊ သူများပစ္စည်းကို ရိုရိုသေသေ ကိုင်မှပေ့ါ၊ မပြောခင်က သိရတယ်။ မထိခင်က နာရတယ်" ဟု ဘသာဖြိုးက ဆုံးမသော်လည်း မရ။

“မတော်တဆ ဖြစ်တာဘဲတော့်၊ သူတို့ကိုလဲ သွားကူရသေး၊ ကိုယ့်သမီးအရွယ်လေးက လူကိုဆိုလိုက် ပြောလိုက်တာ တကထဲ ဖျတ်ဖျတ်လူးနဲ့၊ ရစရာမရှိဘူး” ဟု တဖြစ်တောက်တောက် လုပ်နေသည်။

“အောင်မယ်လေး မယ်ရီရာ၊ သူတို့တတွေ တို့ရွာကို လာတုန်းက ဒီကောင်မလေးက ရှစ်နှစ်အရွယ် ဂါဝန်ကလေးနဲ့ ပြေးတုန်းလွှားတုန်း ကစားတုန်း၊ နင့်ပဒုမ္မာ ပိတ်အကျႌ အသစ်ကြီးကို ယူသွားပြီး ကပ်ကျေးနဲ့ ညှပ်ဖြဲပစ်ခဲ့ တာတောင် ချစ်လွန်းလို့ သည်းခံခဲ့ သေး တာ၊ အခုလို ဆိုတာပြောတာ လောက်ကလေး များ ဗွေယူနေရသေးသ လားဟ၊ ကလေးမို့ ပြောရှာတာပါဟာ၊ သူ့မိဘကျေးဇူးလဲ ထောက်အုံးမှပေါ့”

မယားအကြောင်း သားအကြောင်း စဉ်းစားနေရသည်နှင့် ယနေ့ ဘာညံ့တို့ကို အိမ်ကိုလာပြီး ကော်ဖီသောက်ရန် မှာခဲ့သည်ကို သတိမေ့ နေမိသည်။ သာညံ့တို့ကား ဘယ်တရုတ်ဆိုင်တွင် ဝင်ပြီး စတဲချနေကြသည် မသိ၊ ယခုထိ မပေါ်လာကြသေးပေ။

“ဘာညံ့တို့ လာမယ်ပြောထားတာ ခုထိတောင် မရောက်လာကြသေးဘူး၊ ဘယ်နှစ်နာရီ ရှိပြီလဲဟဲ့ မယ်ရီ”

ဒေါ်မယ်ရီသည် ကြမ်းပြင်ပေါ်တွင် ဒူးတဖတ်ထောင်၍ ထိုင်ရင်း ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို အားပါးတရ ဖွာသောက်နေရာမှ လှည့်မကြည့်ဘဲ ဖြေ၏။

“သိတဲ့နိုင်ရိုးလား”

* *

(၃)

ယနေ့ သူဌေးကတော်က လွှတ်သဖြင့် ခြင်းတောင်းကိုဆွဲ၍ ဈေးဝယ်သွား၏ ။ ဈေးတောင်ဖက်တွင် ရွာမှလှည်း နှစ်စီးသုံးစီးကို တွေ့သည်။ ဝါဆိုဆွမ်းကြီး လောင်းအတွက် ဈေးဝယ်လာကြသည်ဆို၏ ။ ထုံးစံအတိုင်း မရောက်တာကြာပြီ ဖြစ်သော ရွာအကြောင်း မေးရသည်။

"ဒီနှစ် လယ်တွေကတော့ အနည်းနဲ့ အများ နောက်ကျကြတာဘဲ ဘကြီးဖြိုးရ၊ ရွာမှာလဲ ကောက်စိုက်ပျိုး နုတ်တို့က မိုးတိုးမတ်တပ်ရပ် ရင်းကျော်ခင်ကပြော၏ ။

"ဘယ့်နှာကြောင့်လဲဟ။ ခါတိုင်း ရွာမှာ ကေခံစိုက်ဘောက် သုံးဘောက်တောင်ရှိတာ သူ့ဘောက်ငှားပါ။ ငှါ့ဘောက်ငှားပါနဲ့တောင် သောက်ချင်းပြိုင် နေကြသေးမဟုတ်လား"

"ဒီနှစ် ကိုရင်ဘလွန်းတို့လဲ ဘောက်မထောင် နိုင်ဘူးဗျ၊ အရီးအေးတို့ ကိုကြီးဦး တို့ဘောက်တွေကလဲ အရင်လို ကောက်စိုက်သမ မများတော့ဘူး။ သည်လို လေဗျာ၊ ကျုပ်တို့ အနောက်ဖက် လုံးတော်ရွာက သူကြီး ဦးမိုးက အုတ်ဖိုထောင်တယ်၊ အုတ်ဖို အလုပ်က တနေ့ သုံးလေး ကျပ်ရတော့ လယ်ပိုင်မရှိတဲ့ လူတွေက အဲဒီ မှာဘဲ ဝိုင်းနေ ကြတော့တာ ပေါ့၊ ကိုဝင်းမောင်တို့ မိသားစုများ သင်္ကြန် တွင်းတောင် ရွာကို ဥပုသ်စောင့် ပြန်မလာနိုင်ကြဘူး"

ဈေးခြင်းကို ဆွဲ၍ ပြန်လာရင်း ရွာမှ သတင်းများကို စဉ်းစားလာမိ၏ ။ သည်နေ့ကြားရသော သတင်းတွေက တယ်တော့ အားရစရာ မရှိပေ။ လယ်ယာ အလုပ်သမား ရှား၍ လယ်နောက် ကျရသည့် အကြောင်း၊ ဘသာဖြိုး ရွာမှ ထားခဲ့သည့် နွားများ အနက်မှ နွားမကြီး တကောင် ထမ်းပိုးကြီးနှင့် အပစ်ခံရသဖြင့် ရှေ့လက်သွင်သွင် ကျိုးသွားသည့် အကြောင်း၊ ဘသာဖြိုး၏ လယ်ငါးဧကသည် စိုက်ရက် နောက်ကျသဖြင့် အနည်းငယ်ညှံ့ အပြင် စိုက်ပြီး ကောက်ပင် ညှိုးစ "စိုက်သည့်" တကွက်ကို နွားလွှတ်ဝင် အစား ခံရကြောင်း စသည့်ဖြင့် စိတ်မချမ်းမြေ့စရာ များသာ ကြားရ၏ ။

"နွားရော -လက်ရော အပ်ထားခဲ့တဲ့ မောင်စိုတို့ တင်မေတို့ကလဲ ဂရုတော့ စိုက်ကြရှာ မှာဘဲ ၊ ဒါပေမယ့် သူတို့ခမျာ သူတို့ကျွဲ၊ သူတို့နွားနဲ့ သူတို့ လယ်ကလေးကလဲ တဖက်မဟုတ်လား၊ အင်း . . . ကိုယ်တိုင်လုပ်သလောက်တော့ ဘယ်မှာ ဖိဖိစီးစီး ရှိပါ့မလဲလေ"

အတွေးလွန်နေသဖြင့် ရင်ဆိုင်တိုးမိမလို ဖြစ်သွားသော ဆိုက်ကားတစင်းကို မနည်း ရှောင်လိုက်ရသည်။ ယနေ့ အတိတ် မကောင်းဟု ဘသာဖြိုးက တွေးလိုက်၏ ။ ဒီနေ့ ကြားခဲ့ရတဲ့ ရွာသတင်းတွေကို မယ်ရီအား မပြောမိအောင်တော့ သတိထားရပေမည် သို့မဟုတ်က -

"တခါတရံတော့ ကျုပ်ဖြင့် ရွာမှာတုန်းက လယ်ကြား ကန်သင်းရိုးပေါ် လျှောက်ပြီး ထမင်းပို့ သွားခဲ့ရတာ လေးတွေ . . . ဘောင်တုတ်ငှက် မြည်သံလေးတွေကို လွမ်းပါ့တော် . . . ."ဟု တမ်းတမ်း တတ ညည်းတက်သော မယ်ရီတယောက် ပိုပြီး စိတ်မကောင်း ဖြစ်နေပေးဦးမည်။

ဈေးမှဝယ်လာသည့် ပစ္စည်းများကို ဒေါ်သူဇာအား အပ်လိုက်ပြီး မိမိတို့ နေထိုင်ရာ နောက်ဖေးတန်းလျား သို့ထွက်လာခဲ့၏ ။ အိမ်ကလေး မှပျဉ်ထောင်သည် သုတ်ပြီး စရေနံ ရောင်ကြောင့် နံနက်နေခြည်ထဲ တွင် လှပနေသေးတော့၏ ။ အိမ်ကြမ်းခင်းကို နင်းမိလိုက်လျှင် ကား ယနေ့ နိမိတ်မကောင်း ဟူသည့် ဘသာဖြိုး ၏ အတွေးမှာ မှန်ခြင်းမက မှန်နေတော့၏ ။

မြင်ရချက်က မသက်သာ။ အောင်ခသည် အိမ်ပေါ်တွင် ခြေဆင်းထိုင်ရင်း ဝမ်းပမ်းတနဲ့ ရှိုက်ကြီးတငင်ငို၏ ။ မယ်ရီက ဘေးမှ ထိုင်ပြီး ချော့နေသည်။

"ဟဲ့ . . .ဘာဖြစ်တာလဲ၊ ကင်းများတုတ်လို့လား "

အောင်ခအတွက် ဝယ်လာသော ထောပတ်မုံ့ကိုဝင် ပေးရန်သတိမရ။ အနားသို့ကပ်ပြီး စိုးရိမ်စိတ်ဖြင့် မေးမိသည်။

"သူ့ကြောင် ပျောက်လို့ တဲ့တော်ရှေ့၊ မနက်က ထဲက ရှာမတွေ့လို့တဲ့။

အဲခါ သူဌေးတိုက်က ခွေးကြီးတွေ ကိုက်သစ်ပစ်လို့ သေပြီဆိုပြီး ငိုကြီးချက်မလုပ် နေတာ ၊ ချော့လို့လဲ မရဘူး”

မယ်ရီ၏ စကားကို ကြားရမှ ဘသာဖြိုးတွင် စိုးရိမ်စိတ်များ ပျောက်လွင့်ပေ့ါပါး သွားမိ၏ ။

“လူလေးကလဲကွာ . . . အော်ကြီးဟစ်ကျယ် ငိုနေတော့ အဘဖြင့် ဘာများလဲလို့ မထိတ်သာ မလန့်သာ ရှိလိုက်တာ၊ အောင်မယ်လေး ကြောင်ကလေး တကောင် ပျောက်တာများ ရေးကြီး ခွင့်ကျယ် လုပ်လို့ကွယ်၊ တိတ် . . .တိတ်”

ဘသာဖြိုးက ရယ်သွမ်းသွေး၍ သားကို ချော့သည်။ သည်တွင် တခါမျှ ပြန်မပြောဘူး သော အောင်ခသည် ငိုနေရာမှ ရှိုက်ရှိုက်၍ ပြန်ပြော၏ ။

“ကြောင်ပျောက်တာ အရေးမကြီးဘဲ နေပ့ါမလားဗျ အဘရ၊ ဟိုတာကိုင်လဲ သူဌေးပစ္စည်း၊ ဒီဟာ ကိုင်ပြန်ရင်လဲ သူဌေးပစ္စည်း၊ အကုန်လုံး သူဌေးပစ္စည်း ချည်းဘဲ ၊ ကျုပ်တို့ ပိုင်တာဆိုလို့ ဒီကြောင်းကလေး တကောင်ဘဲ ရှိတယ်။ အခုတခါ ဒီကြောင်က ပျောက်သွားပြန်ပြီဆိုတော့ ဘယ့်နှယ့်လုပ် ရပ့ါမတုံးဗျ”

အောင်ခသည် ရှိုက်၍ ရှိုက်၍ သာ ဆက်ငိုနေသည်။

အောင်ခ၏ စကားများက ရယ်သွမ်းသွေး နေသော ဘသာဖြိုး၏ မျက်နှာကို တည်ငြိမ့်ရင့်မာ သွားစေသည်။ ဘသာဖြိုးကို ကျောက်ရုပ်သဖွယ် တွေငိုင် သွားစေသည်။

ဘသာဖြိုး၏ စိတ်တို့သည် အဝေးမှ ရွာဆီသို့ ပျံ့လွင့်စဉ် ၍ သွား၏ ။ ရွာလယ်မှ သေးငယ်သော်လည်း လွတ်လပ်သည့် ထရံကာ သက်ယမ်မိုးနှင့် မိမိပိုင် သုံးခန်းအိမ်ကလေး အတွင်းသို့ ရောက်ရှိသွားရ၏ ။ အိမ်နောက်ဖေး စည်းရိုးဘေးမှ ပဲလင်းမြွေစင် ကလေးနှင့် ချဉ်ပေါင်ခင်း၊ ရှန်းပတီခင်းများ ကိုလည်း သတိရစေ၏ ။

ထို့အပြင် ရွာ၏ ရှုခင်း ၊ ရွာ၏ အသံတို့ ကလည်း ဘသာဖြိုး ၏ စိတ်အတွေးတွင် အစဉ်တစိုက် မြင်ယောင် ကြားယောင်၍ လာစေပြန်သည်။

မိမိနှစ်စဉ်ထွန်ယက် လုပ်ကိုင်ခဲ့သည့် လယ်ကွင်းတို့မှ ကောက်ပင်စိမ်းစိမ်းများ၊ ကောက်ရိုးကို နုတ်နုတ်မျှင်မျှင် စဉ်းကွေးမှ ကြိုက်တတ်သည့် နွားပြားတရှဉ်းတတွေ ထွက်၍ နှီးချောဖျာ တချပ်ခင်းကာ သားအဖ အိပ်စက်ခဲ့ကြသည့် ဝါးခင်းကွပ်ပျစ်ငယ်၊ ရွာရိုးတလျှောက် တိုက်ခတ်လာတတ်သော တောပန်းနံ့ သင်းပျံ့သည့် လေပြေလေညှင်းကလေး၊ ထို့ပြင် . . . .

ထိုပြင် . . .

နေကျချိန်တိုင်း သာသာယာယာ အဆက်မပြတ် ကြားရတတ်သည့် ရွာအနောက်ဖက် ကုန်းကျောင်းများဆီမှ ဘုတ်အီသံ၊ တောင်ဘုတ်ငှက်မြည်သံ ချိုချို ကလေးများ။ ။

**မြတ်သင်း**

**မြဝတီ ၊မတ်၊ ၁၉၇၁**

* *